ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-9-2005) (၄၇၁၁)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၅ခုနှစ် စက်တင်ဘာ ၇ ရက်၌ ကျရောက်သော ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံသမ္မတ မစ္စတာ လူးဝစ် အင်နာစီရို လူလာ ဒါ ဆီးလ်ဗားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အောင်လံမြို့နယ် ဘွက်ကြီးတံတား တည်ဆောက်ရေးစီမံကိန်း စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

မကွေးတိုင်း အောင်လံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စက်တင်ဘာ ၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အောင်လံမြို့နယ် ဘွက်ကြီးတံတားအသစ် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အောင်ပွဲရ မြန်မာလူငယ် ဘောလုံးအသင်းအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

သတင်းအကျယ်–စာမျက်နှာ(၈–၉)

၂၀၀၅ခုနှစ် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၇-၉-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

စက်မှုဇုန်အလိုက် အားပေးပျိုးထောင် စက်မှုထုတ်ကုန် အမယ်သစ်များ တိုးချဲ့ထုတ်လုပ်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေး စွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၏ စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်လာရေးကို အလေးထားအကောင်အထည်ဖော်လျက်ရှိသကဲ့သို့ သွင်းကုန်အစားထိုး လုပ်ငန်းများ၊ ပြည်ပပို့ကုန် ထုတ်လုပ်မှုလုပ်ငန်းများနှင့် မြေယာအခြေပြု စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်လည်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၅)ကို စက်တင်ဘာလ ၅ ရက်နေ့က အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **စက်မှုထုတ်ကုန်အမယ်ဟောင်းများကို အရည်အသွေးမြင့်မားသည်ထက် မြင့်မားအောင် တီထွင်ကြံဆ လုပ်ကိုင်ရမှာဖြစ်သကဲ့သို့ ထုတ်ကုန် အမယ်သစ်များကို တိုးချဲ့ထုတ်လုပ်နိုင်အောင်လည်း ကြိုးစားသွားရမှာဖြစ်ကြောင်း၊ ရည်မှန်းချက်မပျောက်စေဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယအားတို့ဖြင့် ပေါင်းစည်းလုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်း** မှာကြားသွားသည်။

နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်မှုအခြေခံရှိသည့် နယ်မြေဒေသများနှင့် အခြေအနေပေးသော နယ်မြေဒေသများ၌ စက်မှုဇုန်များ ထူထောင်ကာ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ ပေါ်ထွက်လာရေး အားပေးကူညီနေသည်။ အဆိုပါ ထူထောင်ပြီး စက်မှုဇုန်များအနက် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာ (တောင်ကြီး) စက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျိုလုပ်ငန်းနှင့် ပုံလောင်း၊ ပုံထောင်း သံခုတ်စားအချောကိုင်စက်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ စက်ပစ္စည်း အစိတ်အပိုင်းများနှင့် သံထည်ပစ္စည်းများကို စတင်ထုတ်လုပ်နေကြပြီဖြစ်သည်။

အဆိုပါ စက်မှုဇုန်သုံးဇုန်ရှိ ခေတ်မီသံရည်ကျို မီးဖိုတစ်လုံးစီသည် တစ်နေ့လျှင် သံထည်တန် ငါးတန်၊ တစ်နှစ်လျှင် သံထည်တန် ၁၀၀၀ ကျော် ကျိုနိုင်အားရှိသဖြင့် အရည်အသွေးမီ သံထည်ပစ္စည်းများကို များပြားမြန်ဆန်စွာ ထုတ်လုပ်ပေးသွားနိုင်တော့မည်ဖြစ်သည်။

မန္တလေးစက်မှုဇုန်က စက်ပစ္စည်းအမယ်ကိုးမျိုး၊ တန်ချိန်အားဖြင့် ၁၂၀၀ နီးပါးခန့်ကိုလည်းကောင်း၊ မုံရွာစက်မှုဇုန် က စက်ပစ္စည်းအမယ် ၂၉ မျိုး၊ တန်ချိန်အားဖြင့် ၈၅၀ ကျော်ကိုလည်းကောင်း၊ အေးသာယာ စက်မှုဇုန်က စက်ပစ္စည်း အမယ် ၄၉ မျိုး၊ တန်ချိန်အားဖြင့် ၇၈၀ ကျော်ကိုလည်းကောင်း ပထမတစ်နှစ်အတွင်း ထုတ်လုပ်သွားမည်ဟု သိရသည်။

အထူးသဖြင့် သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်းစက်ရုံများအနေဖြင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများဖြစ်သည့် လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ ရေစုပ်စက်၊ ရေပန့်၊ လျှပ်စစ်တာဘိုင်စက်ငယ်များ အတွက် စက်ကိရိယာအစိတ်အပိုင်းများနှင့် အခြားစက်ကိရိယာများကို အရည်အသွေးမီမီ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များသည် မိမိတို့ စက်မှုဇုန်အလိုက် တည်ရှိနေသည့် အတတ်ပညာအား၊ ငွေကြေးအား၊ စက်မှုလုပ်ငန်း အမျိုးအစားအားများကို အခြေခံ၍ အလားအလာကောင်းပြီး ထူးခြားအောင်မြင်မှုရရှိနေသော စက်မှု ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးကို တွင်တွင်ကျယ်ကျယ်ထုတ်လုပ်လာနိုင်စေရန် အားပေးပျိုးထောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့က ဟန်ချက်ညီညီ ကြိုးပမ်းဖော်ဆောင်လျက်ရှိချိန်တွင် စက်မှုဇုန်များအနေဖြင့် နိုင်ငံတော်၏ အားပေးကူညီပံ့ပိုးမှုများ၊ ခေတ်မီအီလက်ထရွန်နစ် နည်းပညာများကို ရယူပြီး စက်မှုထုတ်ကုန်အမယ်ဟောင်းများ အရည်အသွေးပိုမိုမြင့်မားလာစေရန် တီထွင်ကြံဆလုပ်ကိုင်ရင်း စက်မှုထုတ်ကုန်အမယ်သစ်များကို တိုးချဲ့ထုတ်လုပ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်)ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးတို့က ဖဲကြိုးဖြတ်၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက စက်ခလုတ်နှိပ်၍ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

တိုက်ကျွေး

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ် ပါဝင်မှုစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြပြီး အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်(အေ)ဆေးလုံးများ တိုက်ကျွေးကာ ကစားစရာများဝေငှပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်းပြသထားသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မိခင်နှင့်ကလေးအာဟာရဖွံ့ဖြိုးရေးပညာပေး ဗီဒီယိုပြသနေမှုများကို ကြည့်ရှုအားပေးကြပြီး ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်ဆေးပြားများနှင့် အားဆေးများကို ဝေငှပေးကြသည်။

ချီးမြှင့်

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် အစားအစာ အချက်အပြုတ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် မြို့နယ်များနှင့် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့် တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအလယ်တန်းအဆင့်တွင် ဆုရရှိကြသူများအား လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က စာစီစာကုံးပြိုင်ပွဲ အခြေခံပညာ မူလတန်းအဆင့်တွင် ဆုရရှိကြသူများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပညာပေးဟောပြော

ထို့နောက် သားဖွား၊ မီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ စိုးအောင်က မိခင်အတွက် အာဟာရ ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ ကလေးအထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာ ဒေါ်စန်းစန်းမြင့်က ငါးနှစ်အောက်ကလေးငယ်များအား အာဟာရ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ လည်းကောင်း ပညာပေးဟောပြောကြသည်။

ယင်းနောက်ဆေးရုံအုပ်ကြီးဒေါက်တာရွှေအိုးက ကျန်းမာရေးပညာပေးဟောပြောကြသည့် အထူးကုဆရာဝန်ကြီးများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တိုက်ကျွေး

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုတွင် ကလေးငယ်တစ်ဦးအား ဗီတာမင်ဆေးလုံး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

သင်္ဃန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်ရှိ ဥက္ကလာဦး စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာမိသားစုက ငွေကျပ်သိန်းနှစ်ဆယ်ကို ဥက္ကလာဦး အာရုံခံတန်ဆောင်းတွင် စက်တင်ဘာ ၁ ရက်က လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - Book-keeping Procedure and Cash Book (ပထမနှစ်-စီးပွားရေးပညာ)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၁၅)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
	၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း-၁၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ပြည်သူနှင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေး ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကမီဒီယာများ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရမည် စိတ်ကြွရူးသွပ်ဆေးပြားများ၏ အန္တရာယ်ဆိုးကျိုးများကို လူငယ်များသိရှိအောင် ပညာပေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၆

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေးဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေး ဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေး ပုဂ္ဂိုလ်များ၊ အကြံပေးအရာရှိနှင့် ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပုဂ္ဂလိက မဂ္ဂဇင်းနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စနစ်တကျပူးပေါင်း

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးမှာကြားရာတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိရောက်စွာ ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကမီဒီယာများကလည်း မိမိတို့အသိစိတ်ဓာတ်ဖြင့် အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကမီဒီယာများ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း မရှိသေးကြောင်း၊ ထို့ကြောင့် ယခုအခါ ဝန်ကြီးဌာန၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက မီဒီယာများ စနစ်တကျပူးပေါင်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်ကြောင်း။

စိတ်ကြွမူးယစ်ဆေးဝါး

မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ထားဆောင်ရွက်ခဲ့သဖြင့် ဘိန်းစိုက်ပျိုးမှု၊ ဘိန်းမည်း၊ ဘိန်းဖြူထုတ်လုပ်မှု၊ သယ်ယူရောင်းချမှုများ ကျဆင်းသွားကြောင်းကို ကုလသမဂ္ဂနှင့် နိုင်ငံတကာက အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် ၁၉၉၆ခုနှစ်မှစ၍ စိတ်ကြွမူးယစ်ဆေးဝါးများထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများပြားလာသည်ကို တွေ့ရကြောင်း၊ ယင်း စိတ်ကြွမူးယစ်ဆေးဝါးများသည် ဘိန်းကိုအခြေခံ၍ထုတ်လုပ်ခြင်း မဟုတ်ဘဲ ဓာတုဆေးဝါးများကို အခြေခံထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဓာတုဆေးဝါးများကို မိမိတို့နိုင်ငံအတွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပြင်ပနိုင်ငံများမှထုတ်လုပ်၍ လျှို့ဝှက် ခိုးသွင်းခြင်းသာဖြစ်ကြောင်း၊ ထို့အပြင် စိတ်ကြွမူးယစ်ဆေးထုတ်လုပ်ခြင်းတွင် အသေးစား အိမ်တွင်းစက်ပစ္စည်းများနှင့်ပင် ထုတ်လုပ်နိုင်ခြင်း၊ သယ်ဆောင်ရောင်းဝယ်မှုလွယ်ကူခြင်းတို့ကြောင့် ထုတ်လုပ်၊ ရောင်းဝယ်၊ ဖြန့်ဖြူးမှုများပြားလာရခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအတွင်းမှ ပြည်သူနှင့် လူငယ်ထုအတွင်း သုံးစွဲမှုများပြားလာကြောင်း၊ ယင်းတို့ကို တားဆီးကာကွယ်နှိမ်နင်းရန်လိုအပ်လာပြီဖြစ်ရာ ပြည်သူနှင့်လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေးတို့အတွက် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက မီဒီယာများ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မူးယစ်ဆေးစွဲသူများအား ကျန်းမာရေးဝန်ကြီးဌာနက ဆေးကုသပေးနေမှု၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

မီဒီယာနည်းဗျူဟာ

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှစ၍ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းဆောင်ရွက်ရေး နည်းဗျူဟာ (၃)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ မီဒီယာ နည်းဗျူဟာကိုပါထည့်သွင်း၍ နည်းဗျူဟာ(၄)ရပ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မီဒီယာများအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လူငယ်ထုအား မူးယစ်ဆေးဝါး လုံးဝမသုံးစွဲသေးသောအုပ်စု၊ သုံးစွဲရန် အလားအလာရှိသော အုပ်စုနှင့် သုံးစွဲနေပြီဖြစ်သောအုပ်စုဟူ၍ အုပ်စုသုံးစုခွဲ၍ အုပ်စုအလိုက်လိုအပ်သလို အသိပညာပေးရန်ဖြစ်ကြောင်း။

အသိပညာပေး

မူးယစ်ဆေးဝါး လုံးဝမသုံးစွဲသေးသောအုပ်စုမှ လူငယ်များအား မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲသော အဆင့်သို့ မရောက်ရှိစေရေး၊ သုံးစွဲရန် အလားအလာရှိသောအုပ်စုမှ လူငယ်များအား မူးယစ်ဆေးဝါးသုံးစွဲသူ အသိုက်အဝန်းမှ ရုန်းထွက်နိုင်ရေးနှင့် သုံးစွဲနေပြီဖြစ်သော အုပ်စုမှ လူငယ်များအား မူးယစ်ဆေးဝါးသုံးစွဲမှု၏ ဆိုးကျိုးရလဒ်များကို အသိပညာပေး၍ မူးယစ်ဆေးဝါးသုံးစွဲမှုမှ ရပ်တန့်သွားအောင် အသိပညာပေးဆောင်ရွက်သွားကြရန် အကြံပြုလိုကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

အစိကဦးတည်ပညာပေး

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးသော မီဒီယာများအနေဖြင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်မှုများသည် မှန်ကန်ထိရောက်စေရန်နှင့် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများမရှိစေရန် အထူးသတိပြုကြရမှာဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက်ကိုသာ အဓိက ဦးတည်ပညာပေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးများ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် (Precursor Chemical) ဓာတုပစ္စည်းများမှာ မိမိတို့နိုင်ငံက ထုတ်လုပ်နိုင်မှုမရှိကြောင်း။

သို့ပါ၍ ထုတ်လုပ်မှုနှင့် ပတ်သက်၍ ရေးသားရန်လိုအပ်လာပါက အမျိုးသားရေးအမြင်၊ နိုင်ငံရေးအမြင်၊ စည်းရုံးရေးအမြင်တို့ဖြင့် သုံးသပ်ရေးသားကြရမှာဖြစ်ကြောင်း၊ မိမိတို့ ရေးသားဆောင်ရွက်မှုများသည် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လိုက်လျောညီထွေဖြစ်ပြီး ပေးလိုသော သတင်းအချက်အလက်ကို လူငယ်ထုက ရှင်းလင်းလွယ်ကူစွာ နားလည် သဘောပေါက်ရန်လိုကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်တို့နှင့် ဆက်စပ်မှုရှိကြောင်းသိရှိကြပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို မြန်မာ့လူ့ဘောင်တစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ မီဒီယာသမားများအနေဖြင့် လိုအပ်သောသတင်းအချက်အလက်များနှင့် လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးပါဝင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်ခဲ့ခြင်းနှင့် ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးထိန်းချုပ်မှု၊ တပ်မတော်၏ မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်ရေးများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်း၊ ဘိန်းစိုက်ပျိုးမှု တားဆီးရေးဆိုင်ရာ ပန်းတိုင်သစ်စီမံကိန်း၊ စိတ်ကြွရူးသွပ်ဆေးဝါးများ အန္တရာယ်၊ သုံးစွဲခြင်း၏ ဆိုးကျိုးများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေခြင်း စသည်တို့ကို ပရိဂျက်တာဆလိုက်ဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

အီရတ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင်ခုနစ်ဦး လူသတ်မှုဖြင့် စစ်ခုံရုံးတွင် ရုံးတင်စစ်ဆေးခံရဖွယ်ရှိ

လန်ဒန် စက်တင်ဘာ ၅

အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့များက ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုသုံးမှုအနက် ပထမအမှုကို တနင်္လာနေ့တွင် စတင်စစ်ဆေးကြားနာမည်ဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံ လေထီးတပ်ရင်းမှ တပ်ဖွဲ့ဝင်ခုနစ်ဦးသည် လူသတ်မှုဖြင့် စစ်ခုံရုံး၌ ရုံးတင်စစ်ဆေးခံရဖွယ်ရှိကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ပြီးခေတ်လွန်ကာလ အီရတ်နိုင်ငံတွင် ဗြိတိသျှကြည်းတပ်တပ်ဖွဲ့ဝင်များ၏ စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့ဖွယ်ရှိသည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ကမ္ဘာ့သတင်းမျက်နှာစာတွင် ထင်ရှားပေါ်လွင်လာမည်ဖြစ်သည်။

ယခုကိစ္စ၌ နိုင်ငံတကာ စစ်ရာဇဝတ်မှုဆိုင်ရာ အက်ဥပဒေကို ဗြိတိန်နိုင်ငံတွင် ပထမဆုံးအကြိမ် အသုံးပြုခြင်းပင်ဖြစ်သည်။

တောင်းဆို

အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ မလျော်မကန်ပြုမှုဆောင်ရွက်ချက်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးပေးရန် နိုင်ငံရေးသမားများနှင့် ကာကွယ်ရေးဌာနမှ တာဝန်ရှိသူများအပါအဝင် တပ်ဖွဲ့ဝင်များက တောင်းဆိုလျက်ရှိကြသည်။

အရေးယူ

ဗြိတိသျှလေထီးတပ်ရင်းမှ တပ်ဖွဲ့ဝင်ခုနစ်ဦးသည် ၂၀၀၃ ခုနှစ် မေလအတွင်းက အီရတ်လယ်ကူလီ တစ်ဦးကို သတ်ဖြတ်ခဲ့မှုအတွက် စစ်ရာဇဝတ်မှုဖြင့် အရေးယူခံရမည်ဖြစ်သည်။

သေဆုံး

နာဒမ်အဗ္ဗဒူလာအမည်ရှိ အဆိုပါ လယ်ကူလီသည် အီရတ်နိုင်ငံ တောင်ပိုင်း ဗြိတိသျှတပ်ဖွဲ့ထိန်းချုပ်ရာဒေသရှိ အယ်လ်အူဇရာမြို့တွင် ဗြိတိသျှ စစ်ဆေးရေးဂိတ်တစ်ဂိတ်၌ သေနတ်ဖြင့် ပစ်သတ်ခံရပြီး သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

ကက်ထရီနာမုန်တိုင်း ကျရောက်ပြီးနောက် ငါးရက်အကြာတွင် မငြိမ်မသက်မှုများကြောင့် နယူးအော်လင်းစ်မြို့တွင် မီးလောင်မှုများ ဖြစ်ပွားပြီး မီးခိုးများ တက်နေသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကက်ထရီနာမုန်တိုင်းကြောင့် ရေနံချက်စက်ရုံများပျက်စီး ကမ္ဘာ့ဈေးကွက်တွင် စွမ်းအင်အကျပ်အတည်းပေါ်ပေါက်လာနိုင်

ဘာလင် စက်တင်ဘာ ၅

အမေရိကန် ရေနံချက်စက်ရုံများ ကက်ထရီနာမုန်တိုင်းကြောင့် ပျက်စီးရသည့်အတွက် ဥရောပမှ ရေနံ၊ ဓာတ်ဆီများကို အမေရိကန်တို့ကတိုး၍ ဝယ်ယူလာရသော အခြေအနေများ ဖြစ်ပေါ်လာလျှင် ကမ္ဘာ့ဈေးကွက်တွင် စွမ်းအင်အကျပ်အတည်းကို ဖြစ်ပေါ်လာစေရန် စတင်မီးမွှေးပေးလိုက်သကဲ့သို့ ဖြစ်လာနိုင်သည်ဟု အနောက်စွမ်းအင်ဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲက ထုတ်ဖော်ပြောကြားသည်။

အကယ်၍သာ အမေရိကန်တို့၏ ရေနံထွက်ပစ္စည်းဝယ်ယူမှုသည် ကမ္ဘာ့ဈေးကွက်ကို ရိုက်ခတ်လာလျှင် ကမ္ဘာ့စွမ်းအင်ပြဿနာစတင်လာပြီဟု ယူဆနိုင်သည်။ အမေရိကန်တွင်ဖြစ်ပေါ်လာနိုင်သော စွမ်းအင်ပြဿနာသည် ထိုတစ်နိုင်ငံတည်းတွင်သာကွက်၍ ရပ်နေမည်ဟု ယူဆထား၍မရနိုင်ကြောင်း ပါရီအခြေစိုက် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ(အိုင်အီးအေ) အကြီးအကဲ ကလောဒ်မင်ဒယ်လ်က ဂျာမန်သတင်းစာဒိုင်ဝဲလ်အား ပြောကြားခဲ့သည်။

လက်ရှိအခြေအနေ၌ပင် အမေရိကန်သည် ဥရောပမှဓာတ်ဆီများ ဝယ်ယူနေပြီဖြစ်သည်။ ရေနံချက်စက်ရုံများ ပျက်စီးမှုကြောင့် ကန်တို့က လက်ရှိအခြေအနေထက်ပို၍ ရေနံထွက်ပစ္စည်းများ ဝယ်ယူလာပါက ကမ္ဘာ့စွမ်းအင်အကျပ်အတည်းကို စတင်လာအောင် ဖန်တီးသကဲ့သို့ရှိမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဈေးကွက်တွင် ရေနံဈေးနှုန်းများ တက်လာသည့်အခြေအနေက ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ထိခိုက်သွားအောင် ခြိမ်းခြောက်နေသည်။ လောင်စာ ဈေးကြီးလာသည့်အတွက် စားသုံးသူများ၌ ပြုမူပုံ အလေ့အထလည်း ပြောင်းလဲလာသည်။ စွမ်းအင်ခြွေတာသုံးစွဲလာပြီး ထိုအကျပ်အတည်းကြောင့် အခြားဆိုးကျိုးများ ဖြစ်မလာအောင် ဆင်ခြင်တုံ့ပြန် နေထိုင်လာကြသည်ဟု မင်ဒယ်လ်က ပြောကြားသည်။

ရေနံဈေးနှုန်း တက်လာမှုနှင့် ကက်ထရီနာ မုန်တိုင်းတို့ကြောင့် ဖြစ်ပေါ်လာသော စွမ်းအင်ဈေးကြီးမှု အခက်အခဲသည် အထူးသဖြင့် ဆင်းရဲသော ဖွံ့ဖြိုးဆဲနိုင်ငံများကို ပို၍ အထိနာစေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဘာဆာရာမြို့ အနောက်ပိုင်း ဇူဘီရာအရပ်တွင် လုံခြုံရေး ဆောင်ရွက်နေသော အပေါင်းပါ တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပီရူးနိုင်ငံ အမေဇုန်သစ်တောအတွင်း ၄၆ ပေရှည် မိကျောင်းရုပ်ကြွင်း တွေ့ရှိ

လီမာ(ပီရူး) စက်တင်ဘာ ၅

ပီရူးနိုင်ငံ အမေဇုန်သစ်တောတွင်း တစ်နေရာတွင် ၄၆ ပေအရှည်ရှိ ရောမ မိကျောင်း ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို သိပ္ပံပညာရှင်များက စက်တင်ဘာ ၂ ရက်တွင် တွေ့ရှိခဲ့ကြသည်။

ဖော်ပြ

ထိုအချက်က အမေဇုန်သစ်တောကြီးသည် တစ်ချိန်က ကြီးမားသော ကုန်းတွင်း ပင်လယ်ကြီးတစ်ခုဖြစ်ကြောင်းကို ဖော်ပြလျက်ရှိသည်ဟု ဆိုသည်။ သိပ္ပံပညာရှင် ၁၂ ဦးပါဝင်သော ယခုလေ့လာရေးအဖွဲ့ကို ပြင်သစ်ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည်။ ထိုအဖွဲ့သည် ပီရူးနိုင်ငံမြောက်ပိုင်း အမေဇုန် ချိုင့်ဝှမ်းအတွင်း တောနက်ရာဒေသတွင် စူးစမ်းမှုများ ပြုလုပ်ရာမှ ကြီးမားသော မိကျောင်းကြီး၏ အရိုးစု၊ မေးရိုးနှင့် သွားများပါဝင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ရှိကြခြင်းဖြစ်သည်။

ငွေကြေးထောက်ပံ့

ယခုကဲ့သို့ ကြီးမားသော မိကျောင်းကျောက်ဖြစ်ရုပ်ကြွင်းကြီးကို တွေ့ရှိခြင်းမှာ အနှစ် ၃၀ အတွင်း ဒုတိယအကြိမ်တွေ့ရှိရခြင်း ဖြစ်သည်ဟု ပီရူးနိုင်ငံ သဘာဝသမိုင်းပြတိုက်မှ ကျောက်ဖြစ်ရုပ်ကြွင်းဗေဒဌာန အကြီးအကဲ ရူဒေါ်ဖ်လ်ဖိုဆာလာက ပြောကြားသည်။ ထိုအဖွဲ့လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအထောက်အပံ့ကို ပြင်သစ်နိုင်ငံ တူလုန်တက္ကသိုလ်နှင့် ပြင်သစ်အထည်အလိပ် ကုမ္ပဏီ ဒီဗင်လေးတို့က ထောက်ပံ့ပေးခြင်းဖြစ်သည်။

ယူဆထား

လွန်ခဲ့သော နှစ်ပေါင်း ၁၅ သန်းခန့်က တောင်အမေရိက မြေချပ်လွှာနှင့် နာဇ်ကာမြေချပ်လွှာတို့ တိုက်ခိုက်မိရာမှ တောင်အမေရိကဒေသတွင် အင်ဒိစ်တောင်တန်းကြီး ဖြစ်ပေါ်လာသည်။ ထိုတောင်တန်းကြီး ပိတ်ဆီးသွားသဖြင့် အမေဇုန်မြစ်ကြီး အနောက်ဘက်သို့ မစီးဆင်းနိုင်တော့ဘဲ ကုန်းတွင်း ကျယ်ပြန့်သော ပင်လယ်တစ်ခုဖြစ်ပေါ်လာရသည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြသည်။

အမေဇုန်ချိုင့်ဝှမ်းတွင် ယခုရှာဖွေတွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်း မိကျောင်းကြီးကို သုတေသနနှင့် လေ့လာရေးလုပ်ငန်းများ ပြီးစီးသွားလျှင် အများပြည်သူ ကြည့်ရှုနိုင်စေရန် သဘာဝသမိုင်းပြတိုက်တွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ကွန်ကရစ်လောင်းစဉ် မတော်တဆမှုဖြစ်ပွား

ပေကျင်း စက်တင်ဘာ ၆

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာတွင် တနင်္လာနေ့က ဖြစ်ပွားသည့် မတော်တဆမှုကြောင့် သေဆုံးရသူ ၈ ဦးရေမှာ အင်္ဂါနေ့အထိ လေးဦးရှိကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

မြို့တော်ပေကျင်းမြို့လယ်ရှိ အရောင်းအဝယ်လုပ်ငန်းများဖြင့် စည်ကားရာ ဒေသတွင်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကွန်ကရစ်လောင်းနေစဉ် မီတာ ၂၀ အမြင့်မှ ကွန်ကရစ်ထုပ်တန်းပြိုကျမှုဖြစ်ပွားခဲ့ပြီး အလုပ်သမားသုံးဦးမှာ နေရာတွင် သေဆုံးကာ အလုပ်သမားနောက်တစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့သည်။

တနင်္လာနေ့ ညဉ့်၁၀နာရီ၁၀မိနစ်တွင် အဆိုပါ မတော်တဆမှု ဖြစ်ပွားခဲ့ပြီး လုပ်ငန်းခွင်တွင် အလုပ်သမား ၄၀ကျော် ရှိနေခဲ့သည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင် မတော်တဆမှုကြောင့် အလုပ်သမား ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။ မတော်တဆမှု ဖြစ်ပွားပြီးနောက် ဆေးဘက်ဆိုင်ရာ အဖွဲ့များကို ဒေသန္တရအစိုးရအဖွဲ့က စေလွှတ်ခဲ့သည်။ မတော်တဆမှုဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံ တိုက်ခိုက်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၅

အီရတ်နိုင်ငံတွင် တနင်္လာနေ့ အရုဏ်တက်ချိန်က မော်တော်ကား ၁၀စီးဖြင့် ရောက်ရှိလာသော သေနတ်သမား ၃၀ ခန့်က ပြည်ထဲရေးဝန်ကြီးဌာန ရုံးအဆောက်အအုံကို ပစ်ခတ်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေနတ်သမားများသည် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ကာ အရေးကြီးသော အစိုးရဌာနတစ်ခုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် အောက်တိုဘာ ၁၅ ရက်ထက်နောက်မကျဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲ ပြုလုပ်ရန်ရှိနေစဉ် ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်မှုများကို တိုးမြှင့်ပြုလုပ်လာခြင်း ဖြစ်သည်။

သေနတ်သမားများသည် ဒုံးပစ်လောင်ချာများ၊ စိန်ပြောင်းများနှင့် မောင်းပြန်ရိုင်ဖယ် သေနတ်များကို အသုံးပြုကာ တိုက်ခိုက်ခဲ့ကြကြောင်း၊ တနင်္လာနေ့ နံနက် ၅ နာရီ ၁၅ မိနစ်တွင် အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အီရတ်ပြည်ထဲရေး ဝန်ကြီးဌာန အဆောက်အအုံကို တိုက်ခိုက်သည့် အုပ်စုမှာ မိမိတို့၏ အဖွဲ့ဝင်များဖြစ်ကြောင်း အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုက အင်တာနက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အင်တာနက်။

ဟောင်ကောင်တွင် လှိုင်းလုံးကြီးများရိုက်ခတ် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

ဟောင်ကောင် စက်တင်ဘာ ၅

ဟောင်ကောင်ကျွန်း၏ တောင်ပိုင်းရှိ ရှက်အိုပင်လယ်ကမ်းခြေတွင် တနင်္ဂနွေနေ့က ပင်လယ်လှိုင်းလုံးကြီးများ၏ ရှုခင်းကို ကြည့်ရှုနေသူ အမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ လှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့် သေဆုံးသွားပြီး တစ်ဦးမှာ ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

၎င်းတို့နှစ်ဦး ဓာတ်ပုံရိုက်နေစဉ် ပင်လယ်လှိုင်းလုံးကြီးများက ၎င်းတို့အားပင်လယ်ထဲသို့ တွန်းချသွားကြောင်း ဟောင်ကောင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ်းခြေစောင့်တပ်ဖွဲ့မှ သင်္ဘောတစ်စင်းသည် အကူအညီ တောင်းခံချက်ရရှိပြီးနောက် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာသည်။ သေဆုံးသူမှာ အသက်(၄၀)အရွယ်ရှိသူ ဖြစ်သည်။ ၎င်းအားကယ်ဆယ်ပြီး ဆေးရုံသို့ တင်ပို့ပြီးနောက် သေဆုံးသွားခြင်းဖြစ်သည်။ ၎င်းမှာဟောင်ကောင်ဒေသ သက်သေခံ ကတ်ပြားကိုင်ဆောင်ထားသူဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩစတြီးယားနိုင်ငံ နှင်းလျှောစီးအပန်းဖြေစခန်းဖြစ်သည့် ဆိုးလ်ဒင်းမြို့တွင်ကောင်းကင်ကြိုးရထားမတော်တဆမှု ဖြစ်ပွားပြီးနောက် ခရီးသည်များအား ကယ်ဆယ်ရေးဆောင်ရွက်နေသည်ကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီဂျစ်ပြဇာတ်ရုံ မီးလောင်မှုကြောင့် လူ ၃၀ သေဆုံး ကပွဲတင်ဆက်စဉ် ဖယောင်းတိုင်လဲကျရာမှမီးစွဲလောင်

မင်ရာ(အီဂျစ်) စက်တင်ဘာ ၆

အီဂျစ်နိုင်ငံ ပြည်နယ်တစ်ခုတွင် တနင်္လာနေ့က ပြဇာတ်ရုံတစ်ရုံ၌ မီးထွန်းညှိထားသော ဖယောင်းတိုင်တစ်တိုင်လဲကျရာမှ ကန့်လာကာနှင့် သစ်သားစင်မြင့် မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၃၀သေဆုံးပြီး ၃၇ဦး ဒဏ်ရာရရှိကြောင်း မီနာသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

မီးလောင်မှုဖြစ်ပွား

တနင်္လာနေ့ ည ၁၀နာရီ ၃၀မိနစ်ခန့်တွင် အဆိုပါမီးလောင်မှုဖြစ်ပွားခဲ့သည်။ ကိုင်ရိုမြို့တော် တောင်ဘက် မိုင် ၆၀ အကွာ နီလီဗေလီမြို့ ဘီနီဆူဖ်အရပ်ရှိ ပြဇာတ်ရုံတစ်ခုတွင် ကပြဖျော်ဖြေနေစဉ် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

ဖော်ပြ

ဒဏ်ရာရရှိသူ ၃၇ ဦးအနက် ၈၀ရာခိုင်နှုန်းမှာ မီးလောင်မှုကြောင့်ဖြစ်ကြောင်း၊ ယင်းအနက် ၁၄ဦးသည် ပြဇာတ်အဖွဲ့မှဖြစ်ကြောင်း ဖော်ပြထားသည်။

လွတ်မြောက်ခဲ့

အဆိုပါပြဇာတ်ရုံသည် မြို့၏တစ်ခုတည်းသော ယဉ်ကျေးမှု အဆောက်အအုံဖြစ်ကြောင်း၊ ထိုပြဇာတ်ရုံ မီးလောင်စဉ် လူ ၇၀ မှာ ထိခိုက်ဒဏ်ရာမရရှိဘဲ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ရေးသားထား

ကပွဲတင်ဆက်ရာတွင် အသုံးပြုသော ဖယောင်းတိုင်သည် သစ်သားဖြင့် လုပ်ထားသော ဇာတ်ခုံပေါ်သို့ လဲကျသွားပြီး ဇာတ်ခုံကို မီးစွဲခဲ့ကြောင်း၊ ဇာတ်အသုံးအဆောင်ပစ္စည်းမှာ စက္ကူဖြင့်ပြုလုပ်ထားသောကြောင့် မီးလောင်ကျွမ်းခဲ့ကြောင်း အဆိုပါသတင်းတွင် ရေးသားထားသည်။

ငြိမ်းသတ်နိုင်

မီးသတ်သမားများသည် တစ်နာရီအတွင်း မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားတွင် ပိုလီယိုရောဂါကင်းစင်

ကွာလာလမ်ပူ စက်တင်ဘာ ၅

မလေးရှားနိုင်ငံသည် ပိုလီယိုကင်းစင်သောနိုင်ငံ ဖြစ်လာခဲ့ပြီ ဖြစ်ကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီး ချူဆိုင်လီစ်က စနေနေ့တွင် ပြောကြားသည်။

မလေးရှားနိုင်ငံတစ်ဝန်းတွင် ပိုလီယိုရောဂါတိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးထိုးခြင်းကို အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ ပါဟန်ပြည်နယ်သို့ ရောက်ရှိစဉ် ကျန်းမာရေးဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ၌ ဝေးလံသောဒေသများမှ ပြည်သူများမှလွဲ၍ နိုင်ငံ၏ အခြားနေရာများတွင် ပိုလီယိုကာကွယ် ဆေးထိုးနှံရေး လုပ်ငန်းကို ၉၅ ရာခိုင်နှုန်းကျော်အထိ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

တန်ဇန်းနီးယားနိုင်ငံ ဝိတိုရိယရေအိုင်တွင် ဓားပြတိုက်မှု များပြား တစ်ပတ်အတွင်း စက်လှေအင်ဂျင် ၃၀ လုယက်ခံရ

ဒါရက်ဆလမ် စက်တင်ဘာ ၅

တန်ဇန်းနီးယားနိုင်ငံ ဝိတိုရိယရေအိုင်ကြီး၏ ကမ်းခြေဒေသတွင် ရေပြင်ဓားပြမှုများ ယခုအခါ တိုးပွားများပြားလာလျက်ရှိကြောင်း သတင်းများထွက်ပေါ်လာသည်။

ဝယ်ယူနိုင်

ထိုဒေသနေ တံငါများအနေဖြင့် ငါးဖမ်းပစ္စည်းများဝယ်ယူရန် ငွေကြေးမပြည့်စုံကြသည့်အတွက် ယခုကဲ့သို့ ဓားပြမှုများ တိုးပွားလာရခြင်းဖြစ်သည်ဟုဆိုသည်။ ငါးဖမ်းသမားများသည် စက်လှေသုံး မော်တော်အင်ဂျင်အသစ်များကို ဝယ်ယူနိုင်ခြင်း မရှိကြသော်လည်း ဈေးသက်သာသော စက်လှေသုံး မော်တာများ ဝယ်ယူနိုင်ကြသည်။

တည်ရှိ

ထိုမော်တာများမှာလည်း သာမန်စက်များ မဟုတ်ကြဘဲ ဓားပြများ လုယက်ယူငင်လာသော မော်တာများဖြစ်သည်ဆိုသော သတင်းများ မဝမ်ဇာမြို့ဆီသို့ ရောက်ရှိလာသည်။ ထိုမြို့သည် ဝိတိုရိယရေအိုင်ကြီး၏ ကမ်းစပ်တွင် တည်ရှိသော မြို့ကြီးတစ်မြို့ဖြစ်သည်။

ပြီးခဲ့သော သီတင်းပတ်တစ်ပတ်အတွင်းမှာပင် ထိုရေအိုင် ဝန်းကျင်ရှိ ကျွန်းမှ စက်လှေမော်တာအင်ဂျင်ပေါင်း အလုံး ၃၀ လုယက်ခြင်းခံခဲ့ရသည်။

ဝိတိုရိယရေအိုင်ကြီးသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံး ရေချိုကန်ကြီးပင်ဖြစ်သည်။ လက်နက်ကိုင်ဓားပြများ လုယက်မှု ကျူးလွန်ခဲ့သော ကျွန်းနှစ်ကျွန်းမှာ လျူစီယူနှင့် ဆောစ္စဝါ ကျွန်းများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဈေးသက်သာ

ဒေသခံရဲတပ်ဖွဲ့၏ ရေပြင်ကင်းလှည့်တပ်ဖွဲ့အင်အားသည် ရေပြင်ဓားပြများကို နှိမ်နင်းနိုင်လောက်အောင် အင်အားပြည့်စုံခြင်း မရှိသည်သာမက ဈေးသက်သာစွာဖြင့် စက်လှေမော်တာများ ဝယ်ယူနိုင်ကြသဖြင့် ဒေသခံ တံငါများကလည်း ရေပြင်ဓားပြများကို တစ်နည်းတစ်လမ်း အားပေးသမှု ပြုနေကြသည်ဟု ရဲတပ်ဖွဲ့မှ လာသော သတင်းများက ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယ ဦးနှောက်ရောင်ရောဂါ သေဆုံးသူ ၄၃၀ ရှိ

လပ်ခနောင်း(အိန္ဒိယ) စက်တင်ဘာ ၆

အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် ဦးနှောက်အမြှေးရောင်ရောဂါကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ၁၈ဦး ထပ်မံသေဆုံးရာ ဩဂုတ်လ စောစောပိုင်းကစ၍ ရေတွက်လျှင် သေဆုံးခဲ့သူပေါင်းမှာ ၄၃၀ ရှိကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက စနေနေ့တွင်ပြောကြားသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် အရှေ့ပိုင်းတွင် ကလေးငယ်များ အများဆုံးပါဝင်သည့် နာမကျန်းဖြစ်နေသူများကို ဆေးရုံတင်ထားရသည်။ ၎င်းတို့သည် ခေါင်းကိုက်ခြင်း၊ အပြင်းဖျားခြင်းနှင့် အကြောဆွဲခြင်း စသည့်ဝေဒနာများကို ခံစားကြရသည်။***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

လစ်ဗျားနိုင်ငံ တော်လှန်ရေးနေ့အထိမ်းအမှတ် အကျဉ်းသား ၁၆၇၅ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေး

ထရီပိုလီ စက်တင်ဘာ ၅

လစ်ဗျားနိုင်ငံတွင် (၃၆) နှစ်မြောက်တော်လှန်ရေးနေ့နှစ်ပတ်လည်အတွက် ပြစ်မှုအငယ်စားဖြင့် ပြစ်ဒဏ်ခံခဲ့ရသူ နိုင်ငံသားများနှင့် ပြည်ပနိုင်ငံသား ၁၆၇၅ဦးကို လစ်ဗျားအာဏာပိုင်များက လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသူများတွင် ပြည်ပနိုင်ငံသား ၅၀၀ ပါဝင်ပြီး ၎င်းတို့သည် မည်သည့်နိုင်ငံသားဖြစ်သည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း တရားရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြစ်ဒဏ်တစ်ဝက်ကျခံ

ထိုလွတ်ငြိမ်းချမ်းသာခွင့်ကို မြောက်အာဖရိကနိုင်ငံ ဗဟိုတရားရုံးချုပ်မှ တောင်းဆိုချက်အရ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသူများသည် ၎င်းတို့၏ ပြစ်ဒဏ်တစ်ဝက်ကို ကျခံခဲ့ပြီးသူများ ဖြစ်ကြသည်။

အသုံးပြု

လွတ်ငြိမ်းချမ်းသာခွင့်ပေးသူများတွင် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ပါဝင်သော ဆေးထိုးအပ်များ အသုံးပြုခဲ့သည့်အတွက် လစ်ဗျားကလေးများ သေဆုံးမှုဖြင့် ထောင်ကျနေသူ ဘူလ်ဂေးရီးယားသူနာပြုငါးဦးနှင့် ပါလက်စတိုင်းဆရာဝန်တစ်ဦးတို့ မပါဝင်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြို့တော် ပါရီတွင် မီးလောင်မှု ထပ်မံဖြစ်ပွား

ပါရီ စက်တင်ဘာ ၅

ပြင်သစ်နိုင်ငံပါရီမြို့၏တောင်ပိုင်းဆင်ခြေဖုံးအရပ်ရှိ တိုက်ခန်းအိမ်ရာတစ်ခုတွင် တနင်္ဂနွေနေ့စောစောပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူ၁၂ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းမှာ မြို့တော်ပါရီတွင် ရက်သတ္တပတ်အတွင်း တတိယအကြိမ် မီးလောင်မှုဖြစ်ကြောင်း ပြင်သစ်မီးသတ်ဌာနက ပြောကြားသည်။

ကြိုးပမ်း

ဖေးလက်စ်ရိုးစက်စ်အရပ်ရှိ ၁၅ ထပ် အဆောက်အအုံ၏ အဝင်ခန်းမတွင် မွန်းလွဲ ၁နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မီးသတ်သမား ၁၆၀ က မီးငြိမ်းသတ်ရန် ကြိုးပမ်းခဲ့ကြကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ မီးဘေးဒုက္ခသည် အများစုမှာ မီးခိုးငွေ့များကြောင့် အသက်မရှူနိုင်ဘဲ မွန်းကျပ်ခဲ့ရကြောင်း၊ မီးကိုအလျင်အမြန်ငြိမ်းသတ်နိုင်ခဲ့သော်လည်း မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို လောလောဆယ် မသိရသေးကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားတွင် လေယာဉ်ပျောက်

ဂျကာတာ စက်တင်ဘာ ၆

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီပြည်နယ် မာနာဒိုမြို့၌ တနင်္လာနေ့နံနက်ပိုင်းတွင် အင်အား ၆ ဒသမ ၃ အဆင့်ရှိ လေယာဉ်တစ်ခု လှုပ်ခတ်သွားကြောင်း သို့သော် ဒဏ်ရရှိမှု သို့မဟုတ် အဆောက်အအုံပျက်စီးမှုကို ချက်ချင်းမသိရသေးကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

လေယာဉ်၏ဗဟိုချက်သည် မာနာဒိုမြို့၏အနောက်ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာရှိ ဆူလာဝေဆီပင်လယ်ပြင်အနက် ကီလိုမီတာ ၄၀၀ ကို ဗဟိုပြုလှုပ်ခတ်ခြင်းဖြစ်ကြောင်း ဒေသတွင်း ဘူမိရူပနှင့်မိုးလေဝသဌာနက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပထမခုနစ်လအတွင်း လေးဆမြင့်တက်

ဗန်ကောက် စက်တင်ဘာ ၅

ထိုင်းနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ် ပထမခုနစ်လတာကာလတွင် ယမန်နှစ် အလားတူကာလထက် လေးဆမြင့်တက်လာပြီး ဘတ်ငွေ ၈ဒသမ၈၇ ဘီလီယံရှိကြောင်း ရင်းနှီးမြှုပ်နှံမှုအဖွဲ့ (ဘီအိုအိုင်)၏ ထုတ်ပြန်ကြေညာချက်အရ သိရှိရသည်။ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံရှိ အဓိကလုပ်ငန်းများအတွက် ထုတ်လုပ်ရေးအခြေစိုက်စခန်း ဖြစ်နိုင်ခြေရှိကြောင်း တရုတ်–ထိုင်း ဆက်ဆံရေးမြှင့်တင်ရေးဆိုင်ရာ နီးနှောဖလှယ်ပွဲတစ်ရပ်တွင် ဘီအိုအိုင် အတွင်းရေးမှူးချုပ်ဆာသစ်ဆီရီရန်ဂါမန်၏ ပြောကြားချက်ကို ကိုးကားလျက် ထိုင်းသတင်းအေဂျင်စီက သောကြာနေ့တွင် ဖော်ပြသည်။

ဘီအိုအိုင်သည် ယခုနှစ်တွင် တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုကို ၃၀ ရာခိုင်နှုန်းမြှင့်တင်ရန် ရည်မှန်းထားသည်။ ယခုနှစ်ပထမခုနစ်လတွင် ရင်းနှီးမြှုပ်နှံမှုမှာ ဘတ်ငွေ ၈ဒသမ၈၇ ဘီလီယံသို့မြင့်တက်လာသည်။ ယမန်နှစ်အလားတူကာလတွင် ရင်းနှီးမြှုပ်နှံမှုမှာ ဘတ်ငွေ ၂ဒသမ၁ ဘီလီယံမျှသာရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်း မီဒန်မြို့အနီး ပျက်ကျသွားသော ဘိုးရင်း–၇၃၇ လေယာဉ်၏ အပျက်အစီး အပိုင်းအစအချို့ကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မီဒီယာကို မီဒီယာနှင့် တုံ့ (၃)

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီက ၂၈-၈-၂၀၀၅ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းပြောကြားသည့် အချက်အလက်များထဲမှ စွယ်တော်မြတ်စေတီ (ရန်ကုန်)တွင် ကိန်းဝပ်စံပယ်လျက်ရှိသော စွယ်တော်ပွား အပါအဝင် ရွှေကြာကလပ်နှင့်ရွှေကျောင်းဆောင်ငယ်တို့ပါ ပျောက်ဆုံးမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ စွယ်တော်မြတ်စေတီ၏ သမိုင်းကို ရေးဦးစွာ အကျဉ်းမှတ်တမ်းပြုပါမည်။

(ခ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ၁၉၉၄ ခုနှစ်က မြန်မာ နိုင်ငံသို့ တရုတ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ဒေသစာရီ ကြွချီတော်မူလာစဉ် မြန်မာနိုင်ငံမှ စွယ်တော်နှစ်ဆူ ဗုဒ္ဓမြတ်စွယ်တော်နှင့်အတူ ကိန်းဝပ်စံပယ် အပူဇော်ခံခဲ့၏။

ယင်းစွယ်တော်မြတ်နှစ်ဆူကို စေတီတည်ထားကိုးကွယ်ပူဇော်ရန်အတွက် ရန်ကုန်မြို့တွင် တစ်နေရာနှင့် မန္တလေးမြို့တွင် တစ်နေရာ ရှာဖွေရွေးချယ်ခဲ့ကြပြီး တပ်မတော်အစိုးရဦးဆောင်လျက် မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌တစ်ဆူ၊ အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းမြေ၌ တစ်ဆူ တည်ထားခဲ့ကြ၏။ ထိုစေတီတော်များကို ထူးခြားသော သဏ္ဌာန်ပုံဟန်သွင်ပြင် ပေါ်လွင်ထင်ရှားအောင်တည်ထားခဲ့ကြပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ဩဝါဒနှင့်အညီ "ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီ"ဟု တည်ရာမြို့ကို ဆက်တွဲလျက် ဘွဲ့တော်တင်ကြလေ၏။

ထို့နောက် ၆-၁၂-၉၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ဒေသစာရီကြွချီတော်မူလာရာ ထိုနေ့မှစ၍ ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ လည်းကောင်း၊ ၉-၁-၉၇ ရက်နေ့မှစ၍ မန္တလေးမြို့ မဟာအတုလဝေယံကျောင်းတော်ကြီး၌လည်းကောင်း အပူဇော်ခံတော်မူခဲ့ပြီး ထိုအချိန်တွင် တည်ထားပြီးစီးနေပြီဖြစ်သော ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလ ကုန်းမြေ စွယ်တော်မြတ်စေတီ(ရန်ကုန်)၌ ၁-၂-၉၇ ရက်နေ့မှစ၍ ပင့်ဆောင်ကိုးကွယ်ပူဇော်လျက် ၅-၃-၉၇ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ကြွချီတော်မူ၏။

ထိုအချိန်မှစကာ စွယ်တော်မြတ်စေတီ(ရန်ကုန်)၌ ရပ်နီး၊ ရပ်ဝေး ဘုရားဖူးသူတော်စင်များနှင့် စည်ကားခဲ့လေ၏။ ကုသိုလ်တရားများ တိုးပွားဖြိုးမောက်ခဲ့လေ၏။

(ဂ)

အလျဉ်းသင့်၍ ဆက်စပ်ရေးသားရပါလျှင် ဤအရှင်တို့ ရန်ကုန်မြို့သို့ ခြေချမိတိုင်း ယခင်က နောင်တော်အရှင်း ဦးထွန်းရည်-ဒေါ်ဝင်းကြိုင်တို့၏ ကျောက်မြောင်း ဗညားဒလလမ်းရှိ ရွှေပင့်ကူစားတော်ဆက် အထက်ထပ် ဘုရားခန်း၌ ယာယီတည်းခိုကာ ဆောင်ရွက်ဖွယ်ကိစ္စပြီးစီးသောအခါ လှိုင်လင်မြို့သို့ ပြန်ကြွလာလေ့ရှိရာမှ နောင်တွင်သော် "ရန်ကုန်ကြွလာတိုင်း တပည့်တော်တို့အိမ်ကို ယာယီကျောင်းအဖြစ် လက်ခံတော်မူပါဘုရား"ဟု လျှောက်ထားသူ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးမြင့်လွင်(ငြိမ်း)-ဒေါ်တင်တင်သန်းတို့အိမ်သို့ပါ ကြွရောက်၍ ခေတ္တသီတင်းသုံးခဲ့လေ့ရှိပါသည်။ စွယ်တော်မြတ်စေတီကို ၎င်းတို့အိမ်မှ အနီးကပ် ဖူးမြော်ကြည်ညိုနိုင်ပါသည်။ နေ့လယ်နေ့ခင်းတွင် နေရောင်အောက်မှာ ရွှေရောင်တောက်နေသလို နေရောင်ကင်းသော ညခင်းမှာလည်း လျှပ်စစ်အလင်းနှင့်အတူ ရွှေရောင်ဝင်းလျက်သာရှိသော စေတီတော်ဖြစ်ပါသည်။ ဗုဒ္ဓဂုဏ်တော်ကိုးပါးကိုရည်မှန်း၍ မုခ်ကိုးမုခ်ဖြင့် တည်ထားပြီး မည်သည့်မုခ်ပေါက်မှမဆို စေတီယဂဗ္ဘ(စေတီဝမ်းတိုက်)သို့ ဝင်လာပါက အတွင်းဝယ် အလင်းအလျဉ်တို့ ဦးခိုက်နေသောကြောင့် အလင်းတို့၏ အထွတ်တမွတ်ခေါင်ဖျား မြတ်ဘုရား၏ ဂုဏ်တော်တို့ကို ရည်စူးပူဇော်နိုင်ပါသည်။

ယင်းစွယ်တော်မြတ်စေတီတော်ကို ဖူးမြော်ရတိုင်းမှာ သမိုင်းကို သတိရရပြီး မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးပြယုဂ်အဖြစ်လည်းကောင်း၊ နှစ်နိုင်ငံ သာသနာရေးယှက်နွှယ်မှုအဖြစ် လည်းကောင်း၊ နှစ်နိုင်ငံကို ရည်ညွှန်းပြီး စွယ်တော်မြတ်စေတီ နှစ်ဆူ တည်ထားပုံကိုလည်းကောင်း၊ မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်း နှစ်ပိုင်းလုံး လွှမ်းခြုံနေပုံကိုလည်းကောင်း စိတ်ကြေးမုံပြင်မှာ ထင်ဟပ်ခဲ့သည်ချည်းဖြစ်သလို ဗုဒ္ဓဝင်အရ အဘိဓမ္မာဒေသနာဟောကြားရာဝယ် ကိုယ်တော်ပွားဘုရားတစ်ဆူကို သီးခြားဖန်ဆင်းတော်မူရပုံ ဘုရားနှစ်ဆူ သမိုင်းကိုလည်း သဒ္ဓါကြေးမုံပြင် ထင်ဟပ်ခဲ့သည်ချည်း ဖြစ်ခဲ့ပါသည်။

ယင်းသို့သော ဝိသေသဂုဏ်အသွယ်သွယ်ယှက် နွှယ်မြူးကွန့်ရာ စွယ်တော်မြတ်စေတီ (ရန်ကုန်)ထံမှောက် မသမာသူလောဘသား တစ်ယောက် ဒူးထောက်ပျပ်ဝပ်ခဲ့ရပုံကိုတော့ သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅) သတင်းအပြည့်အစုံပါရှိသည့် ၂၉-၈-၂၀၀၅ ရက်နေ့ထုတ် သတင်းစာများကိုသာ စေ့စေ့စပ်စပ် ပြန်လည်ဖတ်ရှုကြပါလေတော့။

(ဃ)

ဤ၌မူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်များမှ အထူးစိတ်ဝင်စားဖွယ်စကားရပ်အချို့ ထုတ်နုတ်ပြပါမည်။

"အဲဒီနောက်၊ စေတီတော်အတွင်း စစ်ဆေးကြည့်တဲ့အခါ ဂန္ဓကုဋိတိုက်အတွင်းထားရှိတဲ့ မြတ်စွယ်တော်ပွား အပါအဝင် စွယ်တော်ပွားတင်ထားတဲ့ ရွှေသားကြာကလပ်၊ စွယ်တော်ပွား ကိန်းဝပ်တဲ့ ရွှေကျောင်းဆောင်တို့ပါ ပျောက်ဆုံးနေကြောင်း သိရှိခဲ့ရပါတယ်။

"စွယ်တော်မြတ်ပျောက်ဆုံးမှုကို သိလျှင်သိချင်းပဲ လုံခြုံရေးနဲ့ သက်ဆိုင်နေတဲ့ တပ်ဖွဲ့ဝင်အားလုံးဟာ အချိန်တိုအတွင်း ပြန်လည်ရရှိအောင် ဘက်စုံထောင့်စုံ နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဌာနချုပ်မှာ ကွပ်ကဲမှုဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး မြေပြင်မှာလက်တွေ့ ကွင်းဆင်းဆောင်ရွက်နေတဲ့ အဖွဲ့များနဲ့ နေ့ည ၂၄ နာရီပတ်လုံး ဆက်သွယ်မှုယူခြင်း၊ သတင်းဖလှယ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

"အဲဒီလိုတွက်ဆပြီး ခိုးလာတဲ့ရွှေကလပ်ကို မန္တလေးနဲ့ တောင်ငူမြို့က ရွှေဆိုင်အချို့မှာ ဆက်သွယ်ရောင်းချခဲ့ပါတယ်။ ဒါကြောင့် တာဝန်ရှိသူများအနေနဲ့ သူခိုးကို အလွယ်တကူဖမ်းဆီးနိုင်ခဲ့ပြီး စွယ်တော်ပွားနဲ့ ရွှေကလပ်တို့ကို ပြန်လည်ရရှိခဲ့တာပဲ ဖြစ်ပါတယ်။

"သို့ပါ၍ အခုလို ကွင်းဆက်အနေနဲ့ ဆက်လက်ဆောင်ရွက်ရမယ့် သတင်းများကို ချက်ချင်းမထုတ်ပြန်ဘဲ ကွင်းဆက်များကို ဆက်စပ်ဖော်ထုတ်အရေးယူပြီးမှသာ ထုတ်ပြန်လျက်ရှိပါကြောင်း အသိပေးလိုပါတယ်။

"အလားတူပဲ အမျိုးသားရေးအကျိုးစီးပွားအတွက် အလေးထားပြီး အချိန်ယူလေ့လာဆောင်ရွက်သင့်တဲ့ ကိစ္စများမှာလဲ သတင်းကို အလျဉ်စလိုထုတ်ပြန်ခြင်းမပြုနိုင်တာတွေ ရှိတတ်ပါတယ်။

"တချို့သတင်းများကျတော့လဲ ဒီသတင်းကိုထုတ်ပြန်လိုက်ခြင်းဖြင့် အကျိုးကျေးဇူးရတာထက် မလိုလားအပ်တဲ့ နောက်ဆက်တွဲဂယက်များဖြစ်ပေါ်ပြီး ပိုမိုအကျိုးမဲ့စေနိုင်တဲ့ အခြေအနေမျိုးကို တွေ့ရှိတာမို့ ထိန်းထိန်းသိမ်းသိမ်းနဲ့ဆောင်ရွက်ရတာမျိုးလဲ ရှိတတ်ပါတယ်။

"ဒါကြောင့် နိုင်ငံတော်အနေနဲ့ သတင်းထုတ်ပြန်ရာမှာ အများပြည်သူအကျိုးနဲ့ နိုင်ငံအကျိုးကို ရှေးရှုဦးတည်ပြီး အဘက်ဘက်မှ သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ သတင်းစာဆရာကြီးများ၊ စာပေလောကသားများထံမှ အကြံဉာဏ်နဲ့ပူးပေါင်းဆောင်ရွက်မှုများကိုလဲ အလေးထားဖိတ်ခေါ်ပါကြောင်း ပြောကြားလိုပါတယ်"

ပြည်သူများအပိုင်းကလည်း ပြည်တွင်း၊ ပြည်ပအကြမ်းဖက် အဖျက်အမှောင့်သမားများနဲ့ ၎င်းတို့ အပေါင်းပါ အသံလွှင့်ဌာနများ၊ သတင်းမီဒီယာများရဲ့ သွေးဆောင်ဖြားယောင်းပြီး မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်နေသည့် သတင်းပရိယာယ် ထောင်ချောက်ကို သတိပြု ရှောင်ရှားကြပါ။

"မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူးကိုယ်တိုင် ဦးစီးတဲ့ အထူးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ဖြစ်စဉ်ကို အနီးကပ်ကြီးကြပ်စေခဲ့ပါတယ်၊ တိုင်းနှင့်ပြည်နယ်အနှံ့ နယ်စပ်ဝင်ပေါက် ထွက်ပေါက်များပါမကျန် အလေးထားရှာဖွေခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

"ပြည်သူကိုအသိပေးခြင်းအပိုင်းမှာလည်း ကနဦးအဆင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ် လာနိုင်ဖွယ်ရှိတဲ့ ရွှေဆိုင်များ၊ ရွှေကျိုသူများအားလုံးကို အသိပေးအကြောင်းကြားခြင်း၊ ထူးခြားမှုရှိက သတင်းပေးပို့စေခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

"အခင်းဖြစ်အရပ်မှာ ကျန်ခဲ့တဲ့ အထောက်အထားမှန်သမျှကိုလည်း အမှိုက်တစ်စအထိ သက်သေခံအထောက်အထားများရယူပြီး မှုခင်းတပ်ဖွဲ့မှ မှုခင်းဆိုင်ရာကျွမ်းကျင်သူများက စိတ်ရှည်လက်ရှည် ဖော်ထုတ်ခဲ့ကြပါတယ်။ တစ်နည်းဆိုရရင် မှုခင်းပိုင်းဆိုင်ရာ ရဲလုပ်ငန်းစနစ်ကို အကုန်အစင် ပြည့်စုံအောင် ဆောင်ရွက်ခဲ့ကြပါတယ်"

ယင်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းပိုင်းဆိုင်ရာ ရဲလုပ်ငန်းစနစ်များကို အကုန်အစင် သိပ်သိပ်သည်းသည်း ဆောင်ရွက်ခဲ့သလို ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားချက်ကိုပါ ဤ၌ ဆက်စပ်ရေးသားပါမည်။

"ဥပမာအားဖြင့် ရန်ကုန်မြို့မှာ စွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားအခိုးခံရတဲ့ဖြစ်စဉ် သတင်းကို ဖြစ်ဖြစ်ချင်း ထုတ်ပြန်ခြင်းမပြုခဲ့ဘဲ အခုသတင်းစာရှင်းလင်းပွဲကျမှ ထုတ်ပြန်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် တရားခံကို ဖော်ထုတ်ဖမ်းဆီးရာမှာ ပိုမိုထိရောက်လွယ်ကူ အကျိုးရှိခဲ့တာကို တွေ့ရှိရပါတယ်။

"ထိရောက်လွယ်ကူအကျိုးရှိပုံကို ရှင်းပြရရင် တရားခံဟာ သူခိုးလာတဲ့ စွယ်တော်ပွားနဲ့ ရွှေကလပ်ကို သူ့အတွက် အန္တရာယ်ကင်းစွာဖြင့် လုံလုံခြုံခြုံထုခွဲနိုင်ဖို့ အဲဒီစွယ်တော် အခိုးခံရတဲ့သတင်း သတင်းစာတွေထဲမှာပါပြီး-မပြီး၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုမှာ ကြေညာခြင်းရှိ-မရှိ ဦးစွာ စုံစမ်းတာတွေ့ရပါတယ်။ သဘောကတော့ ဒီသတင်းကို ပြည်သူတွေ သိရှိနေခြင်း ရှိ-မရှိစုံစမ်းတာပါပဲ။

"နိုင်ငံတော်က ဒီသတင်းနဲ့ စပ်လျဉ်းပြီး သတင်းထုတ်ပြန်ခြင်းမရှိသေးတာကို တွေ့တဲ့အခါ တရားခံက ဒီသတင်းကို ပြည်သူတွေမသိသေးဘူး၊ ဒါကြောင့် သူခိုးယူခဲ့တဲ့ စွယ်တော်ပွားနဲ့ ရွှေကလပ်ကို ထုခွဲရောင်းချရင် အန္တရာယ် မရှိနိုင်ဘူး လုံခြုံတယ်လို့ တွက်ဆခဲ့ပါတယ်။

ဤမျှဖြင့် အောက်ပါအချက်များ ထင်ရှားပေါ်လွင်လာလေ၏-

၁။ သတင်းထုတ်ပြန်ရေးမူဝါဒ မှန်ကန်ခြင်း။

၂။ ရဲတပ်ဖွဲ့လုပ်ငန်းများ ပိုမိုသွက်လက်ထက်မြက်လာခြင်း။

၃။ ပြည်သူများက ရဲတပ်ဖွဲ့ကို အားကိုးလာခြင်း။

(င)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စပ်လျဉ်း၍ နိပွန်တယ်လီဗေးရှင်းမှ ဦးအောင်ရွှေဦး၏ အမေးကို ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဖြေကြားပုံကိုလည်း ဤ၌ ဖော်ပြသင့်ပါ၏။

"ရဲတပ်ဖွဲ့အနေနဲ့ လက်ရှိအခြေအနေမှာပဲဖြစ်ဖြစ်၊ နောင်အနာဂတ်မှာပဲဖြစ်ဖြစ် ဒီထက်ဒီ ပိုမို ထိရောက်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ **'ကိုလိုနီစနစ်ကိုဖျောက် တိုင်းပြည်နဲ့ ပြည်သူ့အကျိုးကို စောင့်ရှောက်'** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို စီမံခန့်ခွဲရေး၊ ပြုပြင်ပြောင်းလဲရေးကော်မတီဆိုတာဖွဲ့ပြီး လုပ်ငန်းစဉ်အဆင့်တိုင်း အဆင့်တိုင်းကို တစ်ဆင့်ချင်းပြောင်းလဲနေတာရှိပါတယ်။ တစ်ဖက်ကလဲ အရင်သတင်းစာရှင်းလင်းပွဲမှာ ရှင်းပြခဲ့သလို Community Policing ဆိုတဲ့ ပြည်သူလူထုပူးပေါင်း ပါဝင်တဲ့ ရဲလုပ်ငန်းစနစ်ကို အပြည့်အဝယုံကြည်ချက်နဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

"ဆောင်ရွက်ခဲ့သမျှတွေအားလုံးသည် ဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက်ကြောင့် ဥပဒေနှင့် မညီညွတ်တာများရှိရင်လည်း ပြည်သူများက ကျွန်တော်တို့ကို အချိန်မရွေး အသိပေးအကြောင်းကြားသင့်ပါတယ်။ ကျွန်တော်တို့ ပြုပြင်ရန် အသင့်ဖြစ်ပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်"

(စ)

ဤမျှဖြင့် ဤဆောင်းပါး(၃)ကို တန့်နားပါမည်။ နိဂမကထာအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ပန်ကြားလွှာကို မှတ်တမ်းတင်အပ်ပါသတည်း။

"ပြည်သူများအပိုင်းကလည်း ပြည်တွင်း၊ ပြည်ပအကြမ်းဖက် အဖျက်အမှောင့်သမားများနဲ့ ၎င်းတို့ အပေါင်းပါအသံလွှင့်ဌာနများ၊ သတင်းမီဒီယာများရဲ့ သွေးဆောင်ဖြားယောင်းပြီး မဟုတ်မမှန် လုပ်ကြံ ထုတ်လွှင့်နေသည့် သတင်းပရိယာယ်ထောင်ချောက်ကို သတိပြု ရှောင်ရှားကြပါ"။ ။

❖ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က အောင်လံမြို့နယ်၏ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ အဓိကသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်မှု၊ မြို့နယ်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်လျက်ရှိသည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကွင်းဆင်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဌာနဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် နိုင်ငံတော်၏ စည်းရုံးရေးမှူးကောင်းများအဖြစ် ပြည်သူများအကြား အောက်ခြေအထိ ကွင်းဆင်းပြီး ဒေသအကျိုး၊နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အောင်လံမြို့သည် ပဲခူးတိုင်းနှင့် ထိစပ်လျက်ရှိပြီး သစ်တောများနှင့် ဆည်များရှိသဖြင့် ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေ ကောင်းစွာရရှိကာ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်သဖြင့် စီးပွားရေးဖွံ့ဖြိုးကောင်းမွန်သော မြို့တစ်မြို့ဖြစ်ကြောင်း။

နိုင်ငံတော်က နိုင်ငံအနှံ့ အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းသုံးရပ် ချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံအဝန်း၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပြားသော ဆည်၊ တံတား၊ လမ်း၊ စက်ရုံ၊ အလုပ်ရုံများကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးရေးအတွက် ပမာဏသေးငယ်သောလုပ်ငန်းများကို နိုင်ငံတော်ကိုချည်း အားကိုးမနေဘဲ မိမိတို့ တတ်စွမ်းသမျှ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရန် လိုကြောင်း။

ဒေသတာဝန်ရှိသူများကလည်း မိမိတာဝန်ကျသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အောက်ခြေအရောက် ကွင်းဆင်းပြီး စိုက်ပျိုးရေး အသိပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို နိုးကြားသောသတိဖြင့် အစဉ်တားဆီးဖော်ထုတ်သွားရန် လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အောင်လံဆေးရုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာဆောင်၊ အမျိုးသားလူနာဆောင်၊ ဓာတ်မှန်ခန်းနှင့် သွားဘက်ဆိုင်ရာဆေးခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မြင့်က လိုက်လံရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဘွက်ကြီးတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရန်ကုန်-ပြည်-မန္တလေး မော်တော်ကားလမ်း အောင်လံမြို့နယ် မိုင်တိုင်အမှတ် ၂၁၁ နှင့် ၂၁၂ အတွင်းရှိ ဘွက်ကြီးတံတား တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁) ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်လွင်က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်းအင်ဂျင်နီယာမှူးကြီးဦးတင့်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်သူတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မူလ ဘွက်ကြီးတံတားဟောင်း ကြံ့ခိုင်မှုအခြေအနေများနှင့် ဘွက်ကြီးတံတားအသစ် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တံတားအသစ်တည်ဆောက်နိုင်ရန်အတွက် တံတားဟောင်း၏ အရှေ့ဘက်ပေ ၄၅၀ အကွာ၌ လမ်းအူကြောင်းရှာဖွေ၍ ၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရေလယ်တိုင်အမှတ် P_9 မှ P_4 အထိ ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီး ရေလယ်တိုင် P_8၊ P_7၊ P_6တို့၌ တိုင်ထိပ်အုပ်၊ ရုပ်တိုင်နှင့် ကန့်လန့်ဖြတ်ရက်မများ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ ရေလယ်တိုင် P_9၊ P_5 နှင့် P_4တို့၌ တိုင်ထိပ်အုပ်နှင့် ရုပ်တိုင်များကို တည်ဆောက်ပြီးစီးနေပြီး ကန့်လန့်ဖြတ်ရက်မလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေသည်။ ရေလယ်တိုင် P_8 နှင့် P_7 အကြား ရက်မလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တံတားကို သံကူကွန်ကရစ်ဘိုးပိုင် အုတ်မြစ်နှင့် ကိုယ်ထည်ပိုင်းကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်မည်ဖြစ်ပြီး စုစုပေါင်း တံတားအရှည်မှာ ပေ ၁၇၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ တံတားတစ်ဖက်တစ်ချက်တွင် လူသွားလမ်းအကျယ် သုံးပေစီပါရှိ၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်လံမြို့နယ်ရှိ ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးတင်မောင်အေးထူးက ရေပေးဝေမှု၊ ယခုနှစ်တွင် မိုးစပါးဧက ၅၀၀၀ စိုက်ပျိုးရန် လျာထားရာ ၄၀၈၂ဧက စိုက်ပျိုးပြီးစီးမှု၊ လျာထားဧက ပြည့်မီရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပင်မရေတင်စက်နှင့် စက်အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုရင်ဗိုလ်သကြားစက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်လံမြို့နယ် ဒုရင်ဗိုလ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမှတ်(၁၀) သကြားစက်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ စက်ရုံမှူး ဦးစိန်လှိုင်က ကြံကြိတ်ဝါးနိုင်မှု၊ သကြားထွက်ရှိမှု၊ စက်လည်ပတ်သည့်ကာလတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်ရုံအတွင်းရှိ သကြားကြိတ်စင်၊ ချွေးရည်အိုး Condensate Tank နှင့် စက်ပစ္စည်းများ မွမ်းမံပြင်ဆင်မှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

❒ **စာမျက်နှာ ၃ မှ**

မူးယစ်ဆေးစွဲသူများအား ကျန်းမာရေးဝန်ကြီးဌာနက ဆေးကုသပေးနေမှု၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ ဒုတိယစက်ရုံမှူး ဒေါက်တာမြင့်စိန်နှင့်လက်ထောက်စက်ရုံမှူးဒေါက်တာအောင်ဌေးဦးတို့က ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို စမ်းသပ်တွေ့ရှိချက်များနှင့် ၎င်းတို့၏အန္တရာယ်ဖြစ်စေသော ဆိုးကျိုးများကို ပရိုဂျက်တာဆလိုက်ဖြင့် ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့အချိန်ကာလတွင် ပြည်သူလူထုနှင့်လူငယ်များအား အန္တရာယ်ဖြစ်စေသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၏ အန္တရာယ်ဆိုးကျိုးများကို သိရှိကြခြင်းဖြင့် ရှောင်ရှားနိုင်ကြပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကြောင့် တားဆီးကာကွယ်ထိန်းချုပ်၍ သုံးစွဲမှုမရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး မီဒီယာသမားများနှင့် ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် တက်ရောက်လာသော ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းများနှင့် သတင်းထောက်များက ခင်းကျင်းပြသထားသော မူးယစ်စိတ်ကြွရူးသွပ်ဆေးပြားနှင့် စမ်းသပ်တွေ့ရှိချက်များကို လေ့လာပြီး မရှင်းလင်းသည်များကို တာဝန်ရှိသူများအား မေးမြန်းကြသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ ၆ရက်က ပါကစ္စတန် တပ်မတော်နေ့ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဇနီးတို့ တက်ရောက်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတ နိုင်ငံသံရုံးမှ စစ်သံမှူး Colonel Zafar Jamil နှင့် ဇနီးတို့ ကြိုဆို နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း လိုက်ပါ၍ ရန်ကုန်-ပြည်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၀၁/၂ အောင်လံမြို့နယ် ဒုရင်ဗိုလ် ကျီရပ်ကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ကားလမ်းအရှေ့ဘက်ရှိ ဒုရင်ဗိုလ်လျှပ်စစ်မြစ်ရေတင် ရေသောက် အထူးအထွက်တိုး မိုးစပါး စံပြကွက်ဧက ၂၀၀ ၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးဝင်းမောင်က ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ရေဖြန့်ဝေမှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကားလမ်းအနောက်ဘက်ရှိ ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင် လက်တံမြောင်း(ဘီ)သို့ ရောက်ရှိ၍ ရေဝင်ရောက်မှု အခြေအနေနှင့် လယ်များသို့ ရေဖြန့်ဝေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးတင်မောင်အေးထူးက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကားလမ်းအနောက်ဘက်၌ စိုက်ပျိုးထားသည့် ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင် ရေသောက်အထူးအထွက်တိုး မိုးစပါးစံပြကွက် ဧက ၂၀၀ ၌ ပါဝင်သည့် မိုးစပါးစံပြကွက်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မော်တော်ယာဉ်ဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၆နာရီ မိနစ် ၅၀တွင်လည်း အောင်လံမြို့ နယ်မြေခံတပ်ရင်းခန်းမသို့ ရောက်ရှိ၍ နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် နှစ်ရှည်ပင် စိုက်ပျိုးရာတွင် ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသည့် သရက်ပင်နှင့် အခြားသီးနှံပင်များကို စိုက်ပျိုးရန် မှာကြားကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲ(သတ္တမအကြိမ်)ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၇-၉-၂၀၀၅(ဗုဒ္ဓဟူးနေ့)
အချိန် - မွန်းလွဲ ၂း၃၀နာရီ
နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင်လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် အချိန်မီတက်ရောက် လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများဆက်သွယ်ပါရန် -
၂၄၅၆၁၅၊ ၂၄၅၆၂၄၊ ၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၂၅၂၄၅၁၊ ၂၅၂၄၅၈။

ပြန်ကြားရေးဝန်ကြီးဌာန



ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဗညားဒလလမ်းနေ ဗိုလ်မှူးကျော်ညွန့်(ငြိမ်း)-ဒေါ်နီနီညွန့်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ဒေဝီခင် လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာပြည်သူတစ်ရပ်လုံး တောင့်တနေသော အောင်ပွဲကို ရယူပေးနိုင်ခဲ့၍ အလွန်ဝမ်းသာ မိုးထဲရေထဲ အထူးကြိုးစားယှဉ်ပြိုင်ခဲ့၍ ချန်ပီယံဆုဖလားကြီးကို ရယူနိုင်ခြင်းဖြစ် မြန်မာလူငယ်လက်ရွေးစင်အသင်း သန့်ရှင်းစွာယှဉ်ပြိုင်ပြီး အသန့်ရှင်းဆုံးဆုကိုပါ ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပခဲ့သည့် ၂၀၀၅ခုနှစ် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-17 Youth Championship 2005)တွင် အိမ်ရှင် ထိုင်းလူငယ် လက်ရွေးစင်ဘောလုံးအသင်းအား အနိုင်ရဗိုလ်စွဲပြီး အာဆီယံဖလားကို ဆွတ်ခူးရရှိခဲ့သည့် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့မွန်းလွဲ ၁၂နာရီ ၁၉မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုများ၊ ဘောလုံးအားကစား ဝါသနာရှင်များက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အောင်ပွဲရ မြန်မာလူငယ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂုဏ်ပြုပန်းစည်းများကမ်း၍ ကြိုဆိုကြစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ပွဲတင်ထပ်

အောင်ပွဲရ အာဆီယံ ယူ–၁၇ ချန်ပီယံ မြန်မာလူငယ်အသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ကွင်းလမ်းဆုံ၊ ၎င်းမှ ပြည်လမ်းအတိုင်း ရှစ်မိုင်လမ်းဆုံမှ လှည်းတန်းလမ်းဆုံ၊ ဆက်လက်၍အလုံလမ်းမှ ဦးဝိစာရအဝိုင်း၊ ၎င်းမှ ရွှေတိဂုံဘုရားလမ်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံအထိ၊ ထိုမှ ဗိုလ်ချုပ်ဈေးရှေ့မှဖြတ်ကာ ကုန်သည်ကြီးများဟိုတယ်ထောင့်လမ်းဆုံမှ အလံပြဘုရားလမ်းအတိုင်း အောင်ဆန်းအားကစားပြိုင်ကွင်းအထိ ဖြတ်သန်းသွားကြရာ လမ်းဘေးဝဲ/ယာတစ်လျှောက်မှ ပြည်သူများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက နေပူဒဏ်ကိုအန်တုကာ လမ်းတစ်လျှောက် နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်းကာ တစ်ခဲနက် ကြိုဆိုနှုတ်ဆက်ကြသည်။ မြန်မာလူငယ်အသင်း၏ အောင်ပွဲသံများနှင့်အတူ အောင်ပွဲရမြန်မာအသင်းများအား ဂုဏ်ပြုသီဆိုထားသော **“ဒို့မြန်မာနိုင်ပြီ”** သီချင်းသံမှာလည်း ပွဲတင်ထပ်လျက်ရှိသည်။

အောင်ပွဲရ မြန်မာလူငယ်အသင်းသည် မော်တော်ယာဉ်များဖြင့် အောင်ဆန်းကွင်းတစ်ပတ် လှည့်လည်အောင်ပွဲခံပြီး ဆုဖလားအပ်နှံပွဲ အခမ်းအနားကို အထူးတန်းစင်မြင့်ထက်တွင် ဆက်လက်ကျင်းပသည်။ အခမ်းအနားတွင် ရှေးဦးစွာ အောင်ပွဲရ မြန်မာလူငယ်အသင်းမှ အဖွဲ့ခေါင်းဆောင်၊ နည်းပြဆရာများနှင့် အားကစားသမားများအား ပရိသတ်နှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ပထမချန်ပီယံဆုဖလားနှင့် အသန့်ရှင်းဆုံးဆုတို့ကို အောင်ပွဲရ မြန်မာလူငယ်အသင်းမှ အဖွဲ့ခေါင်းဆောင် ဦးကျော်ဆန်း၊ နည်းပြချုပ် ဦးခင်မောင်တင့်နှင့် ကစားသမားများက အပ်နှံကြသည်။ အောင်ပွဲရ မြန်မာလူငယ်အသင်းအား ဂုဏ်ပြုသောအားဖြင့် အင်ပါယာတေးဂီတဝိုင်းနှင့်တွဲဖက်၍ စတီရီယိုတေးသံရှင်များက သီဆိုဖျော်ဖြေကြသည်။

ထပ်မံဆွတ်ခူး

အသက်(၁၇)နှစ်အောက် မြန်မာလူငယ် ဘောလုံးအသင်းသည် ၂၀၀၂ ခုနှစ်က မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံ ယူ–၁၇ ဘောလုံးပြိုင်ပွဲ၌ ပထမဆုံးအကြိမ် အာဆီယံဆုဖလားကြီးကို ဆွတ်ခူးခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် အာဆီယံဆုဖလားကြီးကို လက်ဝယ်ပိုင်ပိုင် ထပ်မံဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အသန့်ရှင်းဆုံးဆု

မြန်မာလူငယ်တို့ ဆွတ်ခူးရရှိခဲ့သော အသန့်ရှင်းဆုံးဆုကို တွေ့ရစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မြန်မာလူငယ်အသင်း အနိုင်ရဗိုလ်စွဲခဲ့ခြင်းမှာ အသင်းသားအားလုံး အနိုင်ရလိုစိတ် ပြင်းပြစွာ ကစားခဲ့ခြင်း၊ ကြိုးစားအားထုတ်မှုကောင်းခြင်း၊ ခွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင် ယှဉ်ပြိုင်ကစားခဲ့ခြင်းတို့ကြောင့်ပင် ဖြစ်သည်။

အထူးသဖြင့် အိမ်ရှင်ထိုင်းနှင့် ကစားရသော နောက်ဆုံးဗိုလ်လုပွဲသည် မြန်မာအားကစားသမားများ၏ ရသည်။ မြန်မာလူငယ်အသင်းသည် အနိုင်ရလိုစိတ်များရာမှ အမှားများဖြစ်ကာ ရှုံးခဲ့ရခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းမှ နည်းပြဆရာများသည် ထိုင်းပွဲမှအမှားများကို အချိန်မီပြုပြင်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲ၌ တစ်ဖက်အုပ်စုမှ ခြေစွမ်းပြပြီး အုပ်စုပထမရလာသည့် လာအိုလူငယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ထိုက်တန်စွာ အနိုင်ယူနိုင်ခဲ့သည်။ ဗိုလ်လုပွဲ

အောင်ပွဲရ အာဆီယံ ယူ–၁၇ ချန်ပီယံ မြန်မာလူငယ်အသင်းအား ပြည်သူလူထုက တစ်ခဲနက်ကြိုဆိုကြစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

စိတ်ဓာတ်အမြင့်မားဆုံး ယှဉ်ပြိုင်ကစားခဲ့သောပွဲဖြစ်သည်။ အုပ်စုမှ ရှုံးကြေးကို ပြန်ဆပ်ကာ အနိုင်ရဗိုလ်စွဲရန် မဆုတ်မနစ် ကြိုးစားကစားခဲ့သဖြင့် ပြိုင်ဘက်အသင်းကို အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းသည် အုပ်စုပွဲဦးထွက်ပွဲ၌ အင်ဒိုနီးရှားလူငယ်အသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲ၌ အိမ်ရှင်ထိုင်းကို ဦးဆောင်ဂိုး စတင်သွင်းယူပြီးမှ နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့သို့ တက်ရောက်နိုင်ခဲ့၍ စိတ်ဓာတ်တက်ကြွလျက်ရှိသော မြန်မာလူငယ်အသင်းသည် ထိုင်းလူငယ်အသင်းကို ဗိုလ်လုပွဲ၌ ပိုင်နယ်တီအဆုံးအဖြတ် ငါးဂိုး–လေးဂိုးဖြင့် ရှုံးကြေးပြန်ဆပ်ကာ ထိုက်ထိုက်တန်တန် အနိုင်ရဗိုလ်စွဲခဲ့သည်။

ပြုစုပျိုးထောင်မည်

အောင်ပွဲရ မြန်မာလူငယ် ယူ–၁၇ အသင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က **“ပြည်သူများ၏ မျှော်လင့်တောင့်တမှုကို ဖြည့်ဆည်းပေးနိုင်ခဲ့၍ အောင်ပွဲရ မြန်မာလူငယ်အသင်းနှင့် ထပ်တူ ဝမ်းသာပါကြောင်း၊ မိမိအနေဖြင့် မြန်မာဘောလုံးလောကကို ယခုထက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်သလို၊ အောင်မြင်မှုရရှိလာသည့် မြန်မာယူ–၁၇အသင်းကိုလည်း နိုင်ငံအတွက် အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်အောင် ပြုစုပျိုးထောင်သွားမည် ဖြစ်ပါကြောင်း”** ပြောကြားသွားသည်။

အသန့်ရှင်းဆုံးဆုဆွတ်ခူး

အဖွဲ့ခေါင်းဆောင် ဦးကျော်ဆန်း (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) က **“မြန်မာပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေသော အောင်ပွဲကို ရယူပေးနိုင်ခဲ့၍ အလွန်ဝမ်းသာပီတိဖြစ်ပါကြောင်း၊ ဗိုလ်လုပွဲတွင် ကစားခဲ့သော အိမ်ရှင်အသင်း၏ ခြေစွမ်းသည် မိမိတို့ကို လုံးဝမမီပါကြောင်း၊ အိမ်ရှင်ပရိသတ်ကတောင် မိမိတို့အသင်းကို ချီးကျူးခဲ့ကြောင်း၊ မိမိတို့ကစားသမားများမှာ မိုးထဲရေထဲကြား အထူးကြိုးစားယှဉ်ပြိုင်ခဲ့၍ ချန်ပီယံဆု ဖလားကြီးကို ဆွတ်ခူးရယူနိုင်ခြင်းဖြစ်ပါကြောင်း၊ ကလေးများမှာ သန့်ရှင်းစွာယှဉ်ပြိုင်ပြီး အသန့်ရှင်းဆုံးဆုကိုပါ ဆွတ်ခူးရယူနိုင်ခဲ့ပါကြောင်း”** ပြောကြားသွားသည်။

အောင်ပွဲရ မြန်မာလူငယ်အသင်းမှ ဘောလုံးသမားတစ်ဦး၏ မိခင်ဖြစ်သူက ဂုဏ်ပြုအနမ်းဖြင့် ကြိုဆိုစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မြန်မာလူငယ်အသင်းအား ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးခဲ့သူ နည်းပြချုပ် ဦးခင်မောင်တင့်က **“နိုင်ငံ့အကြီးအကဲများ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့၏ မှာကြားချက်အတိုင်း အနိုင်ရဗိုလ်စွဲအောင် ယှဉ်ပြိုင်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ မိမိနည်းပြသောအသင်း အောင်ပန်းဆင်နိုင်ခဲ့သဖြင့် ဂုဏ်ယူမိပါကြောင်း၊ ပထမပွဲ၌ အင်ဒိုနီးရှားကို ဂိုးပြတ်နိုင်ခဲ့၍ ကလေးတွေ အလွန်အားတက်ခဲ့ပါကြောင်း၊ အင်ဒိုနီးရှားအသင်းမှာ ခြေစွမ်းမညံ့သော်လည်း မိမိတို့ကလေးတွေကောင်း၍ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အုပ်စုတွင်း ထိုင်းနှင့်ပွဲမှာ ကလေးတွေ နိုင်ချင်စိတ်များ ဆန္ဒစောခဲ့၍ ရှုံးရခြင်းဖြစ်ကြောင်း၊ မိမိတို့ အမှားများကတစ်ဆင့် ဂိုးများပေးလိုက်ရခြင်းဖြစ်ကြောင်း။**

အခက်ခဲဆုံးပြိုင်ဘက်

လာအိုနှင့် အကြိုဗိုလ်လုပွဲမကစားမီ ကလေးတွေ အားတက်အောင်နှင့် ထိုင်းနှင့်ပွဲမှ အမှားများကို ပြုပြင်ခဲ့ကြောင်း၊ လာအိုအသင်းမှာ ပြိုင်ပွဲတစ်လျှောက်အခက်အခဲဆုံး ယှဉ်ပြိုင်ရသောပြိုင်ဘက်ဖြစ်ကြောင်း၊မိမိတို့ထက် ခန္ဓာကိုယ် အရွယ်အစားရော ဘောလုံးပညာပါ လာအိုက သာသော်လည်း မိမိတို့တစ်သင်းသားလုံး၏စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုကောင်း၍ မိမိတို့ ဖိုင်နယ်တက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနှင့် ဖိုင်နယ်ပွဲတွင် မိမိတို့ကလေးတွေ အောင်နိုင်စိတ်အပြည့်ဖြင့်ကစားကာ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ကြောင်း၊ ထိုင်းအသင်းမှာ ဒုတိယပိုင်း မိနစ် ၂၀ ကျော်လျှင်

အောင်ပွဲရ မြန်မာလူငယ် ဘောလုံးအသင်းမှအဖွဲ့ခေါင်းဆောင် ဦးကျော်ဆန်း။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ချန်ပီယံဆုဖလား

မြန်မာလူငယ်တို့ ဆွတ်ခူးရရှိခဲ့သည့် အာဆီယံ ယူ-၁၇ ချန်ပီယံ ဆုဖလား။

ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

အောင်ပွဲရ မြန်မာလူငယ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။

ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

မြန်မာလူငယ်အသင်းအား ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးခဲ့သူ နည်းပြချုပ် ဦးခင်မောင်တင့်က **"နိုင်ငံ့အကြီးအကဲများ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့၏ မှာကြားချက်အတိုင်း အနိုင်ရဖိုလ်စွဲအောင် ယှဉ်ပြိုင်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ မိမိနည်းပြသောအသင်း အောင်ပန်းဆင်နိုင်ခဲ့သဖြင့် ဂုဏ်ယူမိပါကြောင်း၊ ပထမပွဲ၌ အင်ဒိုနီးရှားကို ဂိုးပြတ်နိုင်ခဲ့၍ ကလေးတွေ အလွန်အားတက်ခဲ့ပါကြောင်း၊ အင်ဒိုနီးရှားအသင်းမှာ ခြေစွမ်းမည့်သော်လည်း မိမိတို့ကလေးတွေကောင်း၍ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အုပ်စုတွင်း ထိုင်းနှင့်ပွဲမှာ ကလေးတွေ နိုင်ချင်စိတ်များ ဆန္ဒစောခဲ့၍ ရှုံးရခြင်းဖြစ်ကြောင်း၊ မိမိတို့ အမှားများကတစ်ဆင့် ဂိုးများပေးလိုက်ရခြင်းဖြစ်ကြောင်း။**

အခက်ခဲဆုံးပြိုင်ဘက်

လာအိုနှင့် အကြိုဗိုလ်လုပွဲမကစားမီ ကလေးတွေ အားတက်အောင်နှင့် ထိုင်းနှင့်ပွဲမှ အမှားများကို ပြုပြင်ခဲ့ကြောင်း၊ လာအိုအသင်းမှာ ပြိုင်ပွဲတစ်လျှောက် အခက်အခဲဆုံး ယှဉ်ပြိုင်ရသောပြိုင်ဘက်ဖြစ်ကြောင်း၊ မိမိတို့ထက် ခန္ဓာကိုယ် အရွယ်အစားရော ဘောလုံးပညာပါ လာအိုက သာသော်လည်း မိမိတို့တစ်သင်းသားလုံး၏ စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုကောင်း၍ မိမိတို့ ဖိုင်နယ်တက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနှင့် ဖိုင်နယ်ပွဲတွင် မိမိတို့ကလေးတွေ အောင်နိုင်စိတ်အပြည့်ဖြင့်ကစားကာ ရှုံးကြေးပြန်ဆပ်နိုင်ခဲ့ကြောင်း၊ ထိုင်းအသင်းမှာ ဒုတိယပိုင်း မိနစ် ၂၀ ကျော်လျှင် ကစားအား ကျသွားတတ်ပြီး ကွင်းကလည်း ဗွက်ထနေရာ မိမိတို့အတွက် အားသာချက်ဖြစ်ခဲ့ပါကြောင်း၊ အကြံပေးအဖြစ် လိုက်ပါလာသည့် ဘူလ်ဂေးရီးယား နည်းပြကလည်း မိမိတို့အသင်းကို အကြံဉာဏ်ကောင်းများပေးခဲ့ကြောင်း၊ မိမိကလည်း ပွဲတစ်ပွဲအပြီးနှင့် မစခင်တွင် တစ်ဖက်အသင်း၏ အားနည်းချက် အားသာချက်ကို ၎င်းနှင့် တိုင်ပင်ဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် ယခုအသင်းကို ဆက်လက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ မြန်မာလူငယ်အသင်းမှ အားကစားသမားများက ချန်ပီယံဆုဖလား အပ်နှံစဉ်။

ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

၎င်းနောက် အသင်းခေါင်းဆောင် ပြည့်ဖြိုးဦးက **"တစ်သင်းသားလုံး စည်းလုံးညီညွတ်၍ ဖိုလ်စွဲခြင်းဖြစ်ပါကြောင်း၊ ထိုင်းအသင်းကို အုပ်စုပွဲ၌ နိုင်ရာမှရှုံးခဲ့၍ ဖိုင်နယ်၌ ရှုံးကြေးဆပ်နိုင်အောင် အထူးကြိုးစားခဲ့ကြောင်း၊ မိမိတို့၏ အခက်အခဲဆုံး ပြိုင်ဘက်မှာ လာအိုအသင်း ဖြစ်ကြောင်း၊ ထိုင်းအသင်းမှာ လာအိုလောက်ပင် မကောင်းကြောင်း၊ ထိုင်းအသင်းမှာ နည်းစနစ်နှင့် တစ်ဦးချင်းတွင် မိမိတို့ထက် သာသော်လည်း အသင်းလိုက်တွင် မိမိတို့ကို မမီကြောင်း၊ မိမိအနေဖြင့် ယူ-၂၀၊ ယူ-၂၃ နှင့် လက်ရွေးစင်အသင်းများတွင် ဆက်လက်အောင်မြင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း"** ပြောကြားသွားသည်။

အောင်ပွဲရ မြန်မာလူငယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်ဆန်း ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ၊ နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့် (ပို့ဆောင်ရေး)၊ လက်ထောက် နည်းပြများအဖြစ် ဦးကျော်လွင် (ကာကွယ်ရေး)နှင့် ဦးဇော်လေးအောင် (ကာကွယ်ရေး)၊ ဂိုးနည်းပြ ဦးထွန်းတင့်အောင် (ကာကွယ်ရေး)၊ ဆရာဝန်အဖြစ် ဒေါက်တာမြတ်ထွန်းဦး၊ သူနာပြုအဖြစ် ဦးဘကြိုင်၊ အားကစားသမားများအဖြစ် နေလှိုင်၊ အောင်ရဲသွေး၊ စန်းလွင်ဦး၊ ဘိုသန်း၊ ညီညီထွန်း၊ နိုင်လင်းထွန်း၊ သန်းထွန်းအောင်၊ ဉာဏ်ထွန်းအောင်၊ စောအောင်မျိုး၊ ကိုကိုမောင်၊ ဇော်နိုင်ထွန်း၊ အောင်ကျော်မျိုး၊ အေးမိုး၊ ဇင်မျိုးအောင်၊ မျိုးမင်းလတ်၊ ကျော်ကျော်ခိုင်၊ ပြည့်ဖြိုးဦးနှင့် တင်ဇော်မိုးတို့ ပါဝင်ကြသည်။ (ကြေးမုံ)

အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းမှအဖွဲ့ခေါင်းဆောင် ဦးကျော်ဆန်း။

ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

အာဆီယံချန်ပီယံ မြန်မာလူငယ်ဘောလုံးအသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးခင်မောင်တင့်။

ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)



အောင်ပွဲရ မြန်မာလူငယ်အသင်း ခေါင်းဆောင် ပြည့်ဖြိုးဦး။

ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၆-၉-၂၀၀၅)

ဝမြို့
၁ဒသမ ၂၆လက်မ
ပျဉ်းမနားမြို့
၁ဒသမ ၂၂လက်မ
မကွေးမြို့
၁ဒသမ ၁၈လက်မ
ခရမ်းမြို့
၁ဒသမ ဝ၆လက်မ
မှော်ဘီမြို့
ဝဒသမ ၇၁လက်မ
သာယာဝတီမြို့
ဝဒသမ ၅၉လက်မ
ရေးမြို့
ဝဒသမ ၄၇လက်မ
မင်းဘူးမြို့
ဝဒသမ ၄၃လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)**
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀ ၅။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀ နှစ်) (အမျိုးသမီး)
၅:၁၅ ၆။ အတီးပြိုင်ပွဲ
၅:၃၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၄၀ ၈။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
၆:၀၀ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ Variety Spectacular
၇:၃၅ ၁၃။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇:၄၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာ့ရုပ်မြင်သံကြား ဇာတ်လမ်း "သူရဲကောင်းများ ထွန်းကားသည်"(အပိုင်း-၁) (ကျော်သူ၊ရန်အောင်၊ဒွေး၊ဇင်ဝိုင်း၊ မင်းမော်ကွန်း၊နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊မေသဥ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊လှမျိုးသဥ္ဇာနွယ်) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မေတ္တာမီးအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် စက်တင်ဘာ ၆

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဒေါတချားကျေးရွာ၌ မေတ္တာမီးအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ရက်တွင်ကျင်းပရာ လွိုင်ကော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မေရီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ညိုနှင့် ရပ်မိရပ်ဖ ဦးထွားရယ်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ညိုက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးတို့ကို ရှင်းလင်းပြောကြားသည်။

စာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ် ၁၄၉အုပ်နှင့် ဂျာနယ် ၁၇၄စောင်တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးရယ်က လက်ခံရယူသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ဘာရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၅ခုနှစ်စက်တင်ဘာ၇ရက်၌ ကျရောက်သော ဘာရာဇီးလ်ပြည်ထောင်စု သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘာရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆယ်လ်ဆိုလူးဝစ် ချူး အာမိုရင်း(မ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ၊ ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရေဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့်သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းရရှိသော အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စုအသင်းကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေက တံခွန်စိုက်ဒိုင်းဆုချီးမြှင့်ပြီး ကျန်ဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဂျပန်လူငယ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံမှ Mr. Micho Takatani ခေါင်းဆောင်သည့် လူငယ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်တို့ တက်ရောက်ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲပါဝင် ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ကြသည်။

တွေ့ဆုံပွဲအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဂျပန်နိုင်ငံမှ လူငယ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Micho **Takatani** တို့သည် အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးအား ဂျပန်နိုင်ငံမှ Mr. Micho Takatani ခေါင်းဆောင်သော လူငယ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ဌာနချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရှင်သာမဏေ ဓမ္မဗိမာန် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၆

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်၌ ဒလ-အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (မဟာသဒ္ဓမ္မ ဇောတိကဓဇ)က ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ မူလကျင့်စဉ်နှင့်အညီ အနာဂါမ်ဆရာသက်ကြီး၏နည်းအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရားစခန်းကို စက်တင်ဘာ ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအတွင်း ဟောကြားပို့ချမည်ဖြစ်သည်။ (က-ပ)

မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်းဖောက်လုပ် မန္တလေးနှင့်မိတ္ထီလာသို့ ရာသီမရွေး သွားလာနိုင်ပြီ

ရန်ကုန် စက်တင်ဘာ ၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကိုနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှတို့လိုက်ပါလျက် စက်တင်ဘာ ၄ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မန္တလေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မန္တလေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာအနီး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးမြင့်ဦးက မန္တလေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ဖောက်လုပ်နေမှုကို မြေပုံဇယားများဖြင့် ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို မြို့နယ်အလိုက် ခွဲခြား တာဝန်ပေးဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်ရေး၊ ကျောက်ခင်းရာတွင် စနစ်တကျရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နွားထိုးကြီးမြို့နယ် ပြင်စီကျေးရွာသို့ ရောက်ရှိရာ နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်လွင်က ပြင်စီကျေးရွာအတွင်း ခရိုင်ချင်းဆက်လမ်း ဖြတ်သန်းသွားလာမှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ခရိုင်ချင်းဆက်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မလှိုင်မြို့နယ် မြောက်လည်ကျေးရွာအနီး ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းခွင်သို့ရောက်ရှိသည်။ ဝန်ကြီးက ကျောက်လမ်းအဆင့်ဆင့် ခင်းကျင်းနေမှုများ၊ ကျောက်ခွဲစက်များဖြင့် ကျောက်ခွဲစိတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မလှိုင်မြို့နယ်၊ မိတ္ထီလာမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် လမ်းအပိုင်းကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အချိန်တိုအတွင်း

မန္တလေးတိုင်းအတွင်း ဖောက်လုပ်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် တံတားဦးမြို့နယ် စကားအင်းအပိုင်းမှ ကျောက်ပန်းတောင်းမြို့နယ်နှင့် မကွေးတိုင်း နတ်မောက်မြို့နယ်အစပ် အိုင်းမနက်ချောင်းအထိ ၈၃မိုင် နှစ်ဖာလုံ ရှည်လျားပြီး တံတားဦးမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်၊ မိတ္ထီလာမြို့နယ်နှင့်ကျောက်ပန်းတောင်းမြို့နယ်တို့ကို ဆက်သွယ်ထားသော လမ်းဖြစ်သည်။ ယခုခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပေးမှုကြောင့် အနီးပတ်ဝန်းကျင်ကျေးရွာနေပြည်သူများ မန္တလေးနှင့် မိတ္ထီလာမြို့ကြီးများသို့ ရာသီမရွေး လွယ်လင့်တကူ သွားလာနိုင်ပြီး မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်မှ ပြည်သူများအနေဖြင့်လည်း မန္တလေးသို့အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော် ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ် စက်တင်ဘာလအတွက်

(၁၁-၉-၂၀၀၅)ရက်နေ့နှင့် (၂၅-၉-၂၀၀၅)ရက်နေ့။

ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၀ရက်က အဆိုပါကျောင်းခန်းမတွင်ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်အေးခန့်လင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ယု ဆုချီးမြှင့်စဉ်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၅	ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ **(ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ)**
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	ဘိုင်းဒါးတံတား
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	စပါးအထွက်တိုးစိုက်ပျိုးရေး အပိုင်း(၁)
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	အသုံးပြုစရာ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့ အပိုင်း(၅)
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	စပါးအထွက်တိုးစိုက်ပျိုးရေး အပိုင်း(၂)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	သတ္တုတွင်းဦးစီးဌာန(၁)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် (၃)လမ်းနေ ကွယ်လွန်သူ ဦးအော်ဝါးအားရည်စူး၍ ဒေါ်လှသိန်းနှင့် တူသား မောင်ကျင်စိုး မိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

✻ **စတုတ္ထအကြိမ်မြောက်မှ**

အဖွဲ့ခွဲခေါင်းဆောင်များ၊ အဖွဲ့ခွဲအတွင်းရေးမှူးများ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီး ညီလာခံ၏ (၁၀)နှစ်မြောက် အထိမ်းအမှတ် ညီလာခံသို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် ညီလာခံသို့ အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက ကမ္ဘာ့အမျိုးသမီးညီလာခံ၏ (၁၀)နှစ်တာ ကာလအတွင်း ရရှိခဲ့သည့် အောင်မြင်မှုများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကို အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ညီလာခံက အတည်ပြုခဲ့သည့် Beijing Plus 10 ကြေညာချက် စာတမ်းကို ဖတ်ကြားတင်ပြကာ အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက်ကမ္ဘာ့အမျိုးသမီးညီလာခံ၏(၁၀)နှစ်မြောက် အထိမ်းအမှတ် ညီလာခံအတွေ့အကြုံများရှင်းလင်းပွဲတွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နည်းမျိုးစုံသော လူကုန်ကူးမှုကို တိုက်ဖျက်တားဆီး ရွှေ့ပြောင်းလုပ်သားများ၏ ရပိုင်ခွင့်များကို ကာကွယ်

✧ **အမျိုးသမီးများမှ**

အစိုးရ၏လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ စီမံခန့်ခွဲမှုကဏ္ဍများတွင် အမျိုးသားများနှင့်တန်းတူ အခွင့်အရေး ဆောလျင်စွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

၅။ "အားလုံးအတွက်ပညာရေး"ဆောင်ပုဒ်အကောင်အထည်ဖော်မှုကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန်၊ ပြန်ကြားရေးနှင့် သတင်းဆက်သွယ်ရေး အရင်းအမြစ်များ ရရှိသုံးစွဲခွင့်ကို အမျိုးသမီးကြီး/ငယ်များ တန်းတူခံစားခွင့်ရရှိစေရေး၊ အမျိုးသမီးများအား အရည်အသွေးမြင့်မားရေး တည်ဆောက်ရန်လိုအပ်သည့် လုပ်ငန်းအားလုံးကို တိုးမြှင့် ခိုင်မာအောင် ဆောင်ရွက်ရန်။

၆။ အမျိုးသမီးများ ဘဝသက်တမ်းတစ်လျှောက်လုံး ကျန်းမာရေးကောင်းမွန်နိုင်စေရန်အတွက် အဆင့်အတန်းမီ၍ အများတတ်စွမ်းနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းရန်၊ မျိုးဆက်ပွားကျန်းမာရေးကို ICPD စီမံချက်နှင့်အညီ တိုးမြှင့်ဆောင်ရွက်ရန်၊ အမျိုးသမီးကြီး/ငယ်များ၏ ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေသော ဓလေ့ထုံးတမ်းများအားလုံး ပပျောက်စေရေးအတွက် ဆောင်ရွက်ရန်၊

၇။ အမျိုးသမီးကြီး/ငယ်များအား HIV ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးအတွက် နည်းလမ်းများ၊ ကျန်းမာရေး အသိပညာများရရှိစေပြီး နှစ်သိမ့်ဆွေးနွေးမှု၊ ပြုစုစောင့်ရှောက်မှု၊ ကုသမှုများကိုလည်း အားလုံးတန်းတူ ညီမျှမှုရရှိစေရေးအတွက် ဆောင်ရွက်ပေးရန်၊

၈။ အမျိုးသမီးများ၏စီးပွားရေး လွတ်လပ်မှု၊ စီးပွားရေးစွမ်းဆောင်မှု၊ အထူးသဖြင့် စီးပွားရေး၊ ဘဏ္ဍာရေး၊ ဈေးကွက်အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များကို မြှင့်တင်ပေးရန်၊ အမျိုးသမီးအလုပ်အကိုင်ရရှိရေးနှင့် သင့်တင့်လျောက်ပတ်သည့်လုပ်ငန်းများရရှိရေးအတွက် မြှင့်တင်ပေးရန်၊ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးစနစ်များ တိုးတက်အောင် ကြိုးပမ်းရန်၊

၉။ အမျိုးသမီးများနှင့် မိန်းကလေးများအား အကြမ်းဖက်မှု နည်းမျိုးစုံကို ရပ်စဲပပျောက်စေရေး၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုအပါအဝင် နည်းမျိုးစုံသော လူကုန်ကူးမှုကို တိုက်ဖျက်တားဆီးရေးနှင့် ရွှေ့ပြောင်းလုပ်သားများ၏ ရပိုင်ခွင့်များကို ကာကွယ်ပေးရန်၊

၁၀။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းတိုးမြှင့်မှု ကြိုးပမ်းဆောင်ရွက်ရာ၌ အမျိုးသမီးများအား အခွင့်အရေးတူ ပါဝင်ခွင့်နှင့် အပြည့်အဝပါဝင်မှုရှိရေးကို မြှင့်တင်ရန်၊ ပဋိပက္ခတားဆီးရေး၊ ဖြေရှင်းရေးဆိုင်ရာ စီမံဆုံးဖြတ်မှုများတွင် အမျိုးသမီးများ၏ကဏ္ဍကို တိုးမြှင့်စေရန်နှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အထောက်အပံ့ပေးမှုအား တိုးမြှင့်ရန်၊

၁၁။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ဘေးအန္တရာယ်လျော့ပါးရေးတို့တွင် အမျိုးသမီးများ၏ကဏ္ဍကို တိုးတက်ခိုင်မာစေရန်၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စွမ်းအင်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာလုံလောက်စွာ ရရှိရေး၊ ဇီဝပြောင်းလဲမှု ကာကွယ်ရေးအစရှိသည့် အခြေခံလိုအပ်ချက်များအတွက် အခွင့်အလမ်း ပိုမိုရရှိအောင် ဆောင်ရွက်ရန်နှင့် ပြည်သူ့ဗဟိုပြု စဉ်ဆက်မပြတ် တိုးတက်မှုများ ခိုင်မာစေရေးတို့ကို မြှင့်တင်ဆောင်ရွက်ပေးရန်၊

၁၂။ ကျား/မ မျှတသည့် ပင်ပရေစီးကြောင်း မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သင့်တော်သည့် အရင်းအမြစ်များ အထောက်အပံ့ပေးရန်၊ ကျား/မ တူညီသည့် အခွင့်အရေးရရှိရန် ဆောင်ရွက်သည့် အမျိုးသားအဆင့် လုပ်ငန်းယန္တရားအား ခိုင်မာသော နိုင်ငံရေး ပံ့ပိုးမှုရရှိရေးဆောင်ရွက်ရန်၊ သို့ရာတွင် ယင်းဆောင်ရွက်မှုများသည် အမျိုးသမီးများအတွက် ဦးတည်သည့် အခြားသော သီးသန့်လုပ်ဆောင်မှုများနှင့် အစီအစဉ်များကို အစားထိုးခြင်း မဖြစ်စေရေးအတွက် အာမခံချက်ပေးရန်၊

၁၃။ ချို့တဲ့သည့် အခြေအနေများတွင်ရှိသည့် အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် အခွင့် အရေးများကို အလေးပေး ဖြည့်ဆည်းပေးရန်၊ ၎င်းတို့အားလူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အများနည်းတူ တန်းတူညီမျှ ပါဝင်လုပ်ရှားဆောင်ရွက်ခွင့်၊ တန်းတူအကျိုးခံစားခွင့်များရရှိစေရေးအတွက် ဆောင်ရွက်ရန်၊

၁၄။ အမျိုးသားကြီး/ငယ်များသည်လည်း လူသားများသာဖြစ်သည်ဟု လက်ခံအသိအမှတ်ပြုရန်၊ ယင်းတို့၏သဘောထားအမြင်များ ပြောင်းလဲစေနိုင်သည့် စွမ်းဆောင်မှု၊ ပတ်ဝန်းကျင်နှင့် ဆက်ဆံမှု၊ အရင်းအမြစ်များ ရရှိသုံးစွဲနိုင်မှုနှင့် အဆုံးအဖြတ်ပေးနိုင်မှု စွမ်းအားများကို အသိအမှတ်ပြုရန်၊ ကျား/မညီမျှရေး လှုပ်ရှားဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များတွင် ၎င်းတို့ပါဝင်ယှဉ်တွဲလုပ်ကိုင်ခြင်းအား ပံ့ပိုးရန်၊

၁၅။ အမျိုးသမီးများ၏ စွမ်းရည်ပြည့်ဝတိုးတက်ရေးအတွက် လုပ်ဆောင်ပေးနိုင်မည့်ငြိမ်းချမ်း၍ကြံ့ခိုင်သော အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရန်၊ ဒေသများအကြား စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုတို့ မျှတမှုရှိအောင် ဆောင်ရွက်ရန်၊ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စွမ်းရည်တည်ဆောက်ရေးအတွက် ငွေကြေး၊နည်းပညာနှင့် ဝန်ထမ်းလေ့ကျင့်ပေးမှုများ ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်ရန်၊

၁၆။ နိုင်ငံအသီးသီးက မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီမည့်နည်းလမ်းဖြင့် နိုင်ငံတကာဘောင်အတွင်း ကျား/မ တန်းတူညီမျှရေး ကြိုးပမ်းမှု နည်းလမ်းအမျိုးမျိုးကို လေးစားရန်၊ တူညီစွာ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် အပြန်အလှန် နားလည်မှုရှိရေးနှင့် အတွေ့အကြုံဖလှယ်ရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၅ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းရှိ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ ဝေငှ၍ ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်(အေ)ဆေးလုံးတိုက်ကျွေးကာ ကစားစရာများ ဝေငှပေးကြသည်။ (သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံ ဆီမာရမ်းမြို့၌ ကျင်းပသည့် အာဆီယံ လူငယ်နေ့ အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးက မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သီဂီဝင်းအား အာဆီယံလူငယ်စွမ်းဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

(စီးပွားရေးစွမ်းဆောင်ရှင်အသင်း)

အာဆီယံလူငယ်နေ့မှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၆

လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးဝင်း၊ မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သီဂီဝင်း၊ လေ့လာသူများအဖြစ် အသင်းဝင် ဒေါ်ချောစုမြတ်နှင့် ဒေါ်သီရိမြင့်တို့သည် အင်ဒိုနီးရှားနိုင်ငံ Semarang မြို့၌ ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံလူငယ်နေ့ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သီဂီဝင်းသည်အာဆီယံလူငယ်စွမ်းဆောင်ဆုကို လက်ခံရယူပြီးနောက် ဩဂုတ် ၂၆ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အာရှ-ပစိဖိတ် အစားအသောက်နှင့်ချက်ပြုတ်မှုဆိုင်ရာ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှငွေတံဆိပ်ဆုရရှိ

ရန်ကုန် စက်တင်ဘာ ၆

ဩစတြေးလျနိုင်ငံ ဘရစ်ဘိန်းမြို့၌ ကျင်းပသည့် တတိယအကြိမ် အာရှနှင့် ပစိဖိတ်ဒေသ နောက်ဆုံးအဆင့် အစားအသောက်နှင့်ချက်ပြုတ်မှုဆိုင်ရာ ဖိတ်ခေါ်ပြိုင်ပွဲ (M-L-A BLACK BOX- Asia Pacific Final Culinary Challenge)တွင် မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆု ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ မြန်မာနိုင်ငံ စားဖိုမှူးကြီးများအသင်းဥက္ကဋ္ဌ မစ္စတာအော်လီဗာစိုးသက် (အထွေထွေမန်နေဂျာ၊ ပုဂံဟိုတယ်)နှင့် စထရင်းဟိုတယ်မှ စားဖိုမှူးကြီး မစ္စတာ အိတ်ဇယ်လ်ဂရောဆက်တို့ ဦးဆောင်သော မြန်မာစားဖိုမှူးများ ဖြစ်ကြသည့် ကိုမျိုးမြင့်၊ ကိုအေးသိန်းနှင့် ကိုမင်းကျော်ထွန်းတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ စားဖိုမှူးများအနေဖြင့် နိုင်ငံတကာပြိုင်ပွဲသို့ ပထမဆုံးအကြိမ် သွားရောက် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ဆက်လက်ကျင်းပမည့် နိုင်ငံတကာအဆင့် ဖိတ်ခေါ်ပြိုင်ပွဲကြီးများတွင်လည်း သွားရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၆ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း နှစ်ကျောင်းနှင့် ဥယျာဉ်ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ ဖွင့်လှစ်ထားသော နေ့ကလေးထိန်းကျောင်းရှိ ကျောင်းသူ၊ကျောင်းသားနှင့်ကလေးငယ်များအား အာဟာရများ တိုက်ကျွေးကြစဉ်။ (၃၂)

(၁၂)နှစ်ပြည့် တူဒေး စာအုပ်တိုက်နှင့်စာရေးဆရာများမိတ်ဆုံပွဲ

ရန်ကုန် စက်တင်ဘာ ၆

တူဒေးစာအုပ်တိုက်၏ (၁၂)ပြည့် အထိမ်းအမှတ်အဖြစ် တူဒေးစာအုပ်တိုက်ထုတ် မဂ္ဂဇင်းများနှင့်လုံးချင်းစာအုပ်များတွင်ပါဝင်ရေးသားခဲ့ကြသော စာရေးဆရာများအား နေ့လယ်စာတည်ခင်းဧည့်ခံသည့် အခမ်းအနားကို စက်တင်ဘာ၃ရက်က ကန်တော်ကြီး အပန်းဖြေဥယျာဉ်အတွင်းရှိ Royal Garden Restaurant တွင် ကျင်းပသည်။ **(အပေါ်ပုံ)** အခမ်းအနားတွင် တူဒေးစာအုပ်တိုက်၏ အယ်ဒီတာချုပ် ဒေါက်တာသာထွန်းဦးက အဖွင့်နှုတ်ဆက်စကားနှင့် ကျေးဇူးတင်စကား ပြောကြားသည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မော်လမြိုင် ဘူတာသစ်ကြီး တည်ဆောက်ပြီးစီးမှုနှင့် သံလွင်တံတား(မော်လမြိုင်) ရထားချဉ်းကပ်လမ်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင် ဘူတာရုံသစ်ကြီး တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့မီးရထား စီမံကိန်းဒါရိုက်တာ ဦးလွမ်းသူက မော်လမြိုင် ဘူတာ အဆောက်အအုံနှင့် ဘူတာယာဒ်ဝင်း တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ပစ္စည်းများစုဆောင်းရရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကို ပုံစံ၊ ဇယားကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းတွင်ကျယ်ပြန့်ဆန်မှု ရှိစေရေးအတွက် အပိုင်းလိုက်ဆောင်ရွက်သွားမည့် အစီအမံများကို တင်ပြသည်။

လမ်းညွှန်ချက်အတိုင်း

ဝန်ကြီးက ဆက်လက်တင်ပြရာတွင် သံလွင်တံတား(မော်လမြိုင်)အပေါ်တွင် ရထားသံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရထားချဉ်းကပ်လမ်းများ ပြီးစီးပါက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် ခရီးကို ရထားဖြင့် တစ်ဆက်တည်းသွားနိုင်မည်ဖြစ်ကြောင်း၊ ရထားခုတ်မောင်းချိန် လျှော့ချ ပြေးဆွဲနိုင်ရေးအတွက်လည်း မြန်မာ့မီးရထားအနေဖြင့် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း၊ မော်လမြိုင်ဘူတာသို့ နေ့စဉ် ရန်ကုန်ဘက်မှ ရထားလေးစင်းနှင့် ထားဝယ်ဘက်မှ ရထားငါးစင်း အဝင်အထွက်ရှိလာမည်ဖြစ်၍ ခရီးသည်နှင့် ကုန်စည်အဝင်အထွက်များလာမည်ဖြစ်သောကြောင့် နိုင်ငံတော် အကြီးအကဲထံ တင်ပြလမ်းညွှန်ချက်ခံယူကာ ယခုကဲ့သို့ ခေတ်မီခံ့ညားသော ဘူတာသစ်ကြီး ဆောက်လုပ်ခဲ့ကြောင်းဖြင့်တင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မှာကြားဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဘူတာ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်သို့သွားရောက်ပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသောသံလွင်တံတား(မော်လမြိုင်) အတွက် ရထားချဉ်းကပ်လမ်း တည်ဆောက်ရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် သံလွင်တံတား (မော်လမြိုင်)၏ မော်လမြိုင်ဘက်ကမ်း တံတားထိပ်တွင် ရထားချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရထားချဉ်းကပ်လမ်းပြီးစီးမှုအလိုက် မြန်မာ့မီးရထားက ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများကို ဝန်ကြီးက ရှင်းလင်းတင်ပြသည်။

မုတ္တမဘက်ကမ်း

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သံလွင်တံတား(မော်လမြိုင်)၏ မုတ္တမဘက်ကမ်းရှိ ရထားချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁ရက်က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) သို့ သာကေတမြို့နယ် မလွန်ဆန်လှူသင်းထောက်ဥက္ကဋ္ဌ ဦးရွှေ ဦးဆောင်သော အမှုဆောင်များနှင့် အလှူရှင်များက တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် ၃၃၅၄၀၀ နှင့် ဆွမ်းပဒေသာပင် ကျပ်နှစ်သိန်းကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ စက်တင်ဘာ ၄ရက်က သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်ဘက်ကမ်းတွင် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)

မြိုင်ဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

ဖြူးဆရာတော်၏တပည့် ရန်ကုန်တိုင်း ဒါပုံမြို့နယ် ဗမာအေးရပ်ကွက် ဓမ္မသီတဂူအေးရွာကျောင်းတိုက် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက)သည် စက်တင်ဘာ ၁၀ရက် ညနေ ၃နာရီတွင် ဓမ္မသီတဂူအေးရွာကျောင်းတိုက် ဓမ္မသဘင်၊ စက်တင်ဘာ ၁၇ရက်တွင် သာကေတမြို့ အနော်မာ(၁)ရပ်ကွက် တပ်မတော်လမ်း ဓမ္မသဘင်၊ အောက်တိုဘာ ၂ ရက်တွင် မန္တလေးတိုင်း ညောင်ဦးမြို့ အမှတ်(၃)နယ်မြေ မဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်တို့၌ ည ၇နာရီမှ စတင်ကာ တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

ပြန်/ဆက်(ရုံးချုပ်) ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၅ ရက် နံနက် ၁၀နာရီတွင် အမှတ်၂၂-၂၄၊ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်တံတားမြို့နယ် သမဝါယမဦးစီးဌာန တာဝန်ရှိသူများနှင့် သမဝါယမအသင်း အမှုဆောင်များ၊ အသင်းသူ/အသင်းသား ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အစီရင်ခံစာ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြား အတည်ပြုကြပြီး ညွှန်ကြားရေးမှူး(စီမံ)ဦးစိုးမိုး ဥက္ကဋ္ဌအဖြစ်ပါဝင်သော အလုပ်အမှုဆောင်သစ်ကို ရွေးချယ်ကြသည်။

(ပြန်/ဆက်ဦးစီး)

မြေမှာ စပါး ရေမှာ ငါး လယ်ယာသားငါး ပြည့်စီးပွား

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရှင်သန်လာစေရန်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လှိုင်သာယာ၊မင်္ဂလာဒုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပနှင့် လှိုင်မြို့နယ်တို့၌ တစ်ပြိုင်တည်းကျင်းပသည်။

ရှေးဦးစွာ လှိုင်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ရာသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည်နံနက် ၇နာရီခွဲတွင် လှိုင်မြို့နယ် အင်းစိန်လမ်းမကြီး အနီးရှိ လှိုင်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင် ကျန်းမာရေးဌာန၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊လူမှုရေး အသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ လှိုင်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမာမာအေးနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က လှိုင်မြို့နယ်အတွင်းရှိ အိမ်ခြေပေါင်း၊ လူဦးရေနှင့် သောက်သုံးရေရရှိမှု၊သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်တားဆီးရေး လုပ်ငန်းများဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍများအလိုက်အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများသည် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၈)လမ်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့တော်စည်ပင် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်သည့် လမ်းအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်ရှင်းလင်းခြင်း၊ထုံးဖြူးခြင်း၊ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ရေတွင်း ရေကန်များအတွင်း လောက်လန်းစားငါးများ ထည့်သွင်းမွေးမြူပေးခြင်း၊ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပညာပေး သရုပ်ပြသခြင်းနှင့် မာလာမြိုင်(၈)လမ်း မိသားစုသံဃဒါန ဆွမ်းလောင်းယာယီမဏ္ဍပ်၌ သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့်ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ လှိုင်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ထောက်ကြန့်ပုပ္ပားကျောင်း တရားစခန်းပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်း နာယကဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ စက်တင်ဘာ ၁၉ ရက်မှ ၂၉ရက်အထိ (၅၃)ကြိမ်မြောက် အဓိဋ္ဌာန်အောင်ပွဲတွင် အနန္တောအနန္တငါးပါး ပူဇော်ပွဲ၊ ခင်ပွန်းကြီးဆယ်ပါးပူဇော်ပွဲ၊ ဒုလ္လဘအပါး ၇၀ ရဟန်းခံပွဲ၊ သက်ကြီးပူဇော်ပွဲ၊ သတ္တဝါများ ဘေးမဲ့လွှတ်ပွဲ၊ ပါရမီဆယ်ပါးပြုကျင့်ပွဲ၊ ဘဒ္ဒန္တပဏ္ဍိစ္စအား သိက္ခာထပ်ပွဲနှင့် မဟာသတိပဋ္ဌာန်ဝိပဿနာ တရားစခန်းပွဲကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများအား သက်လွတ်အရဏ်ဆွမ်း၊ နေ့ဆွမ်း၊အချိုပွဲများကို ဖုန်း-၆၀၀၀၂၈ နှင့် ၆၀၀၃၀၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်းမ ဓမ္မရိပ်သာ မိုးကုတ်ခုနစ်ရက်စခန်း

ရန်ကုန် စက်တင်ဘာ ၆

ပဲခူးတိုင်း ပုတီးကုန်းမြို့နယ် အင်းမမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၅၈) ဓမ္မရိပ်သာကြီးတွင် နာယကဆရာတော် ဦးဇာဂရအားအမှူးထား၍ ဝါတွင်းတရားစခန်းပွဲကို စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ သာသနတက္ကသိလာ ဓမ္မာစရိယ ဦးညြသ (B.A)အရှင်မြတ်က သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သည့် ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်မှုသင်တန်းတွင် အမှာစကားပြောကြားစဉ်။
(သစ်တောရေးရာ)



ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ခန်းမဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် စက်တင်ဘာ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသည့် တော်ဝင်သဇင်ခန်းမဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀စီ လှူဒါန်းကြသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည်ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဒီမောဆိုမြို့နယ် သေးဆူလဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ရှိကာ ပညာရေးဝန်ကြီးဌာနက မတည်ငွေကျပ် ၃၅သိန်းနှင့် ပြည်သူလူထုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က လှူဒါန်းငွေကျပ် သိန်း ၄၀ တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၅ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကကျင်းပသည့် အခြေခံအမျိုးသမီး စက်ချုပ်သင်တန်းအမှတ်စဉ် (၃၃/၂၀၀၅)၊ အဆင့်မြင့်အမျိုးသမီးစက်ချုပ်သင်တန်းအမှတ်စဉ်(၁၂/၂၀၀၅)၊သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁/၂၀၀၅)နှင့် စက်ချုပ်စက် လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လွိုင်ကော်မြို့နယ် ရွှေတောင် ပရိယတ္တိ စာသင်တိုက်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျင်းပသည့် ပရိယတ္တိစာသင်တိုက်သုံးတိုက်သို့ ပိဋကတ်သုံးပုံ၊ဆွမ်းဆန်တော်နှင့် ဆီများ လှူဒါန်းပွဲသို့ တက်ရောက်ပြီး ရွှေတောင် ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရှင်ပညာသာမိ၊ ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ပုဗ္ဗာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော်တို့အား ပိဋကတ်သုံးပုံ တစ်စုံစီ၊ ဆွမ်းဆန်တော်၁၀အိတ်နှင့်ဆီများကို လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့အား တွေ့ဆုံမှာကြားသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဖွင့်လှစ်လျက်ရှိသည့်ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်မှုသင်တန်းကို ကြည့်ရှုလေ့လာပြီး သင်တန်းသားများအား အမှာစကား ပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကန္ဒရဝတီ သစ်တောပျိုးဥယျာဉ်သို့ရောက်ရှိပြီး ကယားပြည်နယ် လူထုဖြန့် ဒညင်းပျိုးပွဲတော်ကို တက်ရောက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများပိုလာမည်

ရန်ကုန် စက်တင်ဘာ ၆

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ၇ရက်နေ့ညနေထိခန့်မှန်းချက်မှာချင်းပြည်နယ်၊ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင်နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများပိုလာမည်။

ဝါတွင်းငါးရက် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကင်းမြို့နယ်၊ အမှတ်(၁၄) ရပ်ကွက်၊ မိုးကောင်းကျောင်းတိုက်တွင် ဝါတွင်းငါးရက် တရားစခန်းကို စက်တင်ဘာ ၁၉ရက်မှ ၂၃ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးတေဇောဘာသနှင့် မိုးကောင်းကျောင်းတိုက် မိုးကောင်းအရှင် စန္ဒိမာဘိဝံသတို့က ဟောကြားကြမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ စက်တင်ဘာ ၁၈ရက် (တနင်္ဂနွေနေ့)ညနေ အရောက်လာရမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ (၁၀)နှစ်မြောက် အထိမ်းအမှတ် ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကျင်းပ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ညီလာခံအတွေ့အကြုံများ ရှင်းလင်းပြောကြား

ရန်ကုန် စက်တင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ (၁၀)နှစ်မြောက် အထိမ်းအမှတ် ညီလာခံအတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ အသိပညာရှင် အတတ်ပညာရှင်များ၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✳

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ (၁၀)နှစ်မြောက် အထိမ်းအမှတ် ညီလာခံအတွေ့အကြုံများ ရှင်းလင်းပွဲတွင် ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(CEDAW)နှင့် ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော်ရေး အစွမ်းကုန်ကြိုးစား “အားလုံးအတွက် ပညာရေး” ဆောင်ပုဒ် အကောင်အထည်ဖော်မှုကို အရှိန်အဟုန်တိုးမြှင့် အမျိုးသမီးများအား အရည်အသွေးမြင့်မားရေး လုပ်ငန်းအားလုံးကို ခိုင်မာအောင်ဆောင်ရွက်

Beijing Plus 10 ကြေညာချက်စာတမ်း(ကောက်နုတ်ချက်)

ရန်ကုန် စက်တင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ (၁၀)နှစ်မြောက် အထိမ်းအမှတ်ညီလာခံကို ကျင်းပခဲ့သည်။ အဆိုပါညီလာခံ၌ Beijing Plus 10 ကြေညာချက်စာတမ်းကို ထုတ်ပြန်ခဲ့ရာ အဆိုပါကြေညာချက်၏ ကောက်နုတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

၁။ ပေကျင်းလုပ်ငန်းအစီအစဉ်ရည်ညွှန်းစာတမ်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်း (CEDAW) နှင့် ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များကို ပြည့်စုံစွာနှင့် ထိရောက်စွာ အလျင်အမြန်အကောင်အထည်ဖော်ရေးအတွက် အစွမ်းကုန်ကြိုးစားသွားရန်၊

၂။ အမျိုးသမီး ကြီး/ငယ်များအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်စေရေး၊ လူ့အခွင့်အရေးအားလုံးကို အပြည့်အဝခံစားနိုင်ရေးအတွက် အခြေခံကျသော လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့အား ခွဲထုတ်၍မရနိုင်သော လူ့အခွင့်အရေး အစိတ်အပိုင်းအနေဖြင့် အဓိကထား ဆောင်ရွက်ရန်၊

၃။ ၂၀၁၅ခုနှစ်မတိုင်မီ ဆင်းရဲမှုကို အနည်းဆုံးထက်ဝက်လျော့ပါးစေရန် ကမ္ဘာပေါ်ရှိ ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲမွဲတေမှုအချိုးအစား လျော့ပါးစေရေးအတွက် အရှိန်အဟုန်မြှင့်၍ ကြိုးပမ်းဆောင်ရွက်ရန်၊ အမျိုးသား၊အမျိုးသမီးအားလုံးတို့ကို လူ့အဆင့်အတန်းမမီတော့သည့် ဆင်းရဲမွဲတေမှု အခြေခံစည်းမျဉ်းများမှ လွတ်မြောက်စေရန်၊ လူ့အမျိုးအနွယ်အားလုံး မပြည့်စုံမှုမှ ကင်းလွတ်ရေးအတွက် ကြိုးပမ်းရန်၊

၄။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၏ စီမံဆုံးဖြတ်မှုဆိုင်ရာများ၌ အမျိုးသမီးများ တန်းတူညီမျှ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် **စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ✧